# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဝိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၁၈၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# မိမိတို့အစိုးရသည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေသည့် အစိုးရဖြစ် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုသာ ဆောင်ရွက်ကြစေလို

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✪

**ယနေ့** *ဖတ် စ ရာ*


၁၉၃၇ ခုနှစ် ဗဟိုစာရင်းရုံးမှသည် ယနေ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (၈၆) နှစ်မြောက် နှစ်ပတ်လည်အမှတ်တရ မှတ်တိုင်များ — ဆောင်းပါး | စာ - ၁၆

မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီပြောင်းလဲတပ်ဆင်ကြရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်ချက် — ပြည်တွင်းသတင်း | စာ - ၁၉

# နိုင်ငံ့ဝန်ထမ်းအပေါင်းတို့ ကျေပွန်ကြရမည့် နိုင်ငံ့အရေး

နိုင်ငံတစ်နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ပုံဖော်တည်ဆောက်ကြရသည့် အဓိကတာဝန်ကို ထမ်းဆောင်ကြသူများမှာ အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် အစိုးရအဖွဲ့ကိုရွေးကောက်ပွဲတွင်ပြည်သူက ရွေးကောက်တင်မြှောက်ပေးလိုက်သည့် ကိုယ်စားလှယ်များဖြင့် ဦးဆောင်ဖွဲ့စည်းထားခြင်းဖြစ်ရာ အစိုးရအဖွဲ့သည် သက်တမ်းအလိုက် ပြောင်းလဲမည်ဖြစ်သကဲ့သို့ နိုင်ငံရေးပါတီများကိုလိုက်၍ မူဝါဒများလည်း ပြောင်းလဲနေမည်ဖြစ်သည်။

အစိုးရအဖွဲ့များ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများမှာ အပြောင်းအလဲမရှိဘဲ တက်လာသည့် အစိုးရများက ချမှတ်သည့် မူဝါဒများအတိုင်း နိုင်ငံအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကောင်အထည်ဖော်ကြရခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ဝန်ထမ်းများ အရည်အသွေးမြင့်မားပြီး ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာရန် အရေးကြီးသည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ဝန်ထမ်းတစ်ဦးဖြစ်လာသည်နှင့် ထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများ၊ ခံစားခွင့်များ၊ ဌာနဆိုင်ရာ အရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ကြရမည် ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မတ် ၃၁ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် "မိမိတို့အစိုးရသည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေသည့် အစိုးရဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုသာ ဆောင်ရွက်ကြစေလိုပြီး နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။" ထည့်သွင်းပြောကြားခဲ့ရာ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံရေးကင်းရှင်းကြရမည်ဖြစ်သော်လည်း နိုင်ငံ့အရေးတွင်မူ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တက်တက်ကြွကြွ ကျေကျေပွန်ပွန် ထမ်းဆောင်ကြရန်ပင် ဖြစ်သည်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသော ဆောင်ပုဒ်နှင့်အညီ တာဝန်ကျေပွန်သည့် ဝန်ထမ်း၊ ကျင့်ဝတ်စောင့်ထိန်းသည့် ဝန်ထမ်း၊ စည်းကမ်းလိုက်နာသည့် ဝန်ထမ်းများဖြစ်အောင် ဝန်ထမ်းဘဝ သက်တမ်းတစ်လျှောက်လုံးတွင် ဖြည့်ကျင့်ကြရန် လိုအပ်သည်။ ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံရေးပါတီအများအပြားရှိနေပြီး ဦးဆောင်သည့်ပုဂ္ဂိုလ်၊ ပါတီ၏ မူဝါဒ၊ နိုင်ငံရေးအမြင် စသည်တို့မှာလည်း ကွဲပြားခြားနားလျက်ရှိကြသည့်အတွက် ဝန်ထမ်းလောကအတွင်း ပါတီနိုင်ငံရေးဝင်ရောက်စွဲကပ်ပါက နိုင်ငံလည်း ပျက်စီးရာ ပျက်စီးကြောင်း၊ လမ်းကြောင်းပေါ်သို့ ရောက်ရှိသွားမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတွင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်စေရေးအတွက် အဓိကတာဝန်ထမ်းဆောင်ကြသူများဖြစ်သည်။ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖန်တီးတည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ် လိုအပ်ချက်လည်းဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းတိုင်း အရည်အသွေးမြင့်မားရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ရန်လိုအပ်ပြီး ပြည်သူကိုဗဟိုပြု၍ ပြည်သူကိုဝန်ဆောင်မှုပေးရန်၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှု၍ အကောင်အထည်ဖော်ရန်တို့အတွက်လည်း မပြတ်နှလုံးသွင်းကြရန်လိုအပ်သည်။ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပါး (၃၀) တွင် ဝန်ထမ်းတစ်ဦးချင်း လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် ၁၂ ပါး၊ ဝန်ထမ်းအချင်းချင်းအပေါ် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ငါးပါး၊ ပြည်သူလူထုအပေါ် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ငါးပါးနှင့် နိုင်ငံတော်အပေါ် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် ရှစ်ပါးတို့ကို မြဲမြံစွာစောင့်ထိန်းကြခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ကြပါစေကြောင်း။ ။



## ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ကျင်းပ

နေပြည်တော် မတ် ၃၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ (စတုတ္ထနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၂၉ ဌာနတို့၌ စာဖြေစာရင်းသွင်း ၅၇၃၆၃ ပါး/ဦးအနက် ၄၅၆၅၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၅၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၃၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆန်တန်းကျောင်းသစ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အနန်းပင်ပရိယတ္တိစာသင်တိုက်နှင့် ရန်ကင်းမြို့နယ်ရှိ မိုဃ်းကောင်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ နိဂြောဓါရုံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ဝေယံဘုံမြင့်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ သာသနဇောတိကာရုံကျောင်းတိုက်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ ငြိမ်းချမ်းရေးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ နောင်အင်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ရန်အောင်မြင်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

## နယ်စပ်ရေးရာဝန်ကြီးဌာနက မိုင်းကိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၃၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော် အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး) ကွပ်ကဲမှုအောက်ရှိ လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့် ဝန်ထမ်းများက မိုင်းကိုင်မြို့နယ် အမှတ် (၄) ရပ်ကွက် မဇ္ဈိမရာမစာသင်တိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား နှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချ



နေပြည်တော် မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တွင် ဖွဲ့စည်းထားရှိသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို Online စနစ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်း ပို့ချခြင်းကို ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းသည် ကော်မရှင်တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်ရပါက နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးစေကြောင်း၊ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းများတွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme –PFP) အသုံးပြုခြင်းဖြင့် အများပြည်သူ၏ အကြံပြုချက်များရယူ၍ အားနည်းချက်များ ပြုပြင်သွားပါက ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက CPU ၏ လုပ်ငန်းတာဝန်များ၊ တည်မြဲလုပ်ထုံး လုပ်နည်း (Standing Operating Procedure – SOP)၊ လုပ်ငန်းလမ်းညွှန် (Terms of Reference–TOR) ရေးဆွဲခြင်း၊ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment–CRA) အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး PFP အသုံးပြုဆောင်ရွက်နိုင်ရေး လက်တွေ့လေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ ရှေ့ဖုံးမှ

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများဖွင့်လှစ်မှုနှင့် ပညာရည်ဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းကျောင်းများဖွင့်လှစ်နိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်နေမှု၊ လျှပ်စစ်ကဏ္ဍတိုးတက်ရေး ဆောင်ရွက်ထားရှိမှု၊ လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိမှုနှင့် တိုးချဲ့ပြေးဆွဲပေးရန်လိုအပ်မှု၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရေလှောင်တမံများနှင့် လျှိုပိတ်ဆည်များ တည်ဆောက်ထားရှိမှု၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ သမဝါယမစနစ်ဖြင့် ဒေသနွားနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများထုတ်ချေးပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်နိုင်မှု၊ စစ်တွေကွန်ပျူတာတက္ကသိုလ်၊ စစ်တွေနည်းပညာတက္ကသိုလ်တို့တွင် ကျောင်းသား၊ ကျောင်းသူအဆောင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အချို့ဆေးရုံများကို အဆင့်မြှင့်တင်ပေးစေလိုမှု၊ စိုက်ပျိုးရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်စေရေး၊ သွင်းအားစုများ လုံလောက်စွာရရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

### သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ရခိုင်ပြည်နယ်အတွင်း ရေအရင်းအမြစ်ထိန်းသိမ်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

နိုင်ရေးအတွက် သောင်တူးဖော်ရေးလုပ်ငန်းများနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲပေးစေလိုမှုနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်သို့ လေကြောင်းလိုင်းငါးလိုင်း ပြေးဆွဲပေးလျက်ရှိပြီး အမှန်တကယ်လိုအပ်ချက်အပေါ်မူတည်၍ တိုးချဲ့ပြေးဆွဲပေးနိုင်ရေး စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကာ ခရီးသည်တင်ရေယာဉ်များကိုလည်း ပြန်လည်ပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရထားစီးနင်းသူများ ပိုမိုများပြားလာသည့်အတွက် ရထားတွဲများ တိုးချဲ့ပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူများ၏ အခွင့်အလမ်းများ ပိုမိုရရှိရေး၊ နည်းပညာများ၊ လိုအပ်သည့် စက်ကိရိယာများရရှိစေရေး၊ လုပ်သားများရှားပါးမှုအပေါ် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးရန်လိုအပ်မှု၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်ရန် မြေအသုံးချခွင့်များ၊ လုပ်ငန်းလုပ်ကိုင်ခွင့်များကို ပြည်နယ်အစိုးရမှ စိစစ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ပေးရန်လိုအပ်မှု၊ သစ်တောသယံဇာတများကို တရားမဝင်ထုတ်ယူသုံးစွဲနေမှုများကို ဝိုင်းဝန်းကာကွယ်တားဆီးကြရန်နှင့် သစ်တောသစ်ပင်များကို ထိန်းသိမ်းကြရန်လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း လူဦးရေစာရင်းမြေပြင်ကွင်းဆင်းကောက်ယူမှု၊ ပန်းခင်းစီမံချက်ဆောင်ရွက်မှုတို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဌာနဆိုင်ရာများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေး မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အဦအပါအဝင် စက်ပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးပိုင်းဆိုင်ရာများနှင့် ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာများကို ဌာနဆိုင်ရာများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေး ပြောကြားသည်။

### နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နိုင်ငံတော်အစိုးရကိုယ်စား တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးပေးသည့် ပုဂ္ဂိုလ်များ၊ ဌာနများပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ အတွေ့အကြုံရှိပြီး ကျွမ်းကျင်ကြသူများဖြစ်သဖြင့် မိမိတာဝန်ထမ်းဆောင်ရသည့် ဒေသနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ **ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်**ကြောင်း၊ မိမိတို့အစိုးရသည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေသည့် အစိုးရဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုသာ ဆောင်ရွက်ကြစေလိုပြီး နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အစိုးရဌာနများက အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လူထုအကျိုးပြုအောင် ဆောင်ရွက်နိုင်မည်၊ တိုင်းပြည်အတွက် အကျိုးပြုအောင်ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများအောင်မြင်စေရန်အတွက် မျှော်မှန်းဆောင်ရွက်ကြစေလိုကြောင်း။

### နိုင်ငံရေးရည်မှန်းချက်

မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင် တပ်မတော်အစိုးရလက်ထက်တွင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ **ဒီမိုကရေစီဟူသည်မှာ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ အများဆန္ဒနှင့်အညီ စီမံအုပ်ချုပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အများဆန္ဒနှင့်အညီဟု ဆိုသော်လည်း ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပြီး "လူညီရင် ဤကို ကျွဲဖတ်သည်" ဟူသည့် ပုံစံမျိုးသွား၍မရ**ကြောင်း၊ ဖက်ဒရယ်စနစ်ဟူသည်မှာ အဆင့်ဆင့်လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် လျော်ကန်သင့်မြတ်သည့် အုပ်ချုပ်မှုအာဏာကို ခွဲဝေပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးသည့်အချိန်တွင် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆောင်ရွက်ရမည်များကို ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ဇယား(၁၊၂၊၃၊၅) ပါ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတို့မှ ပြဋ္ဌာန်းရမည့် ထုတ်ပြန်ရမည့် ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာဆောင်ရွက်နိုင်မှု မရှိသေးသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့ တာဝန်ယူချိန်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်အုပ်ချုပ်မှုအာဏာခွဲဝေမှုအားလုံးကို အကောင်အထည်ဖော်နိုင်သမျှ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။ *စာမျက်နှာ ၄ သို့*

❖ **ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်**

❖ **ဒီမိုကရေစီဟူသည်မှာ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ အများဆန္ဒနှင့်အညီ စီမံအုပ်ချုပ်ဆောင်ရွက်ရခြင်းဖြစ်၊ ထိုသို့ ဆောင်ရွက်ရာတွင် အများဆန္ဒနှင့်အညီဟု ဆိုသော်လည်း ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပြီး "လူညီရင် ဤကို ကျွဲဖတ်သည်" ဟူသည့် ပုံစံမျိုးသွား၍မရ**

❖ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ ရှုခင်းသာလမ်းတစ်လျှောက် ပြည်သူများအနားယူအပန်းဖြေနိုင်ရန် ကမ်းခြေသဲဖို့ခြင်းလုပ်ငန်းများ စီမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

- **နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရည်ရွယ်၍ ရိုးသားစွာဖြင့် မိမိတို့နှင့် လာရောက်ဆွေးနွေးမည်ဆိုပါက ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထား**
- **တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကောင်းကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် အခြေခံဆောင်ရွက်ရမည့် အချက် ၂ ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တို့ပင်ဖြစ်**
- **ငြိမ်းချမ်းရေးကိုလိုလားသည့် မည်သည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုမဆို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ထား**

*စာမျက်နှာ ၃ မှ*

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အခြေခံ၍ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှု ရလဒ်များကို ဖော်ဆောင်နိုင်ခဲ့**ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုထားသည့် ဥပဒေဖြစ်ပြီး ပြည်သူတို့အပေါ်ထားရှိသည့် ကတိကဝတ်ပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)သည်လည်း အစိုးရနှင့် EAOများအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ထားရှိခဲ့သည့် ကတိကဝတ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

### အမျိုးသားရေး ရည်မှန်းချက်

အမျိုးသားရေးရည်မှန်းချက်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းပြည်သာယာဝပြောခြင်းပင်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေးသည် အရေးကြီးပြီး နေရေး၊ ဝတ်ရေးနှင့် စားရေး ပြည့်စုံနေရန်လိုကြောင်း၊ စစ်တွေမြို့တွင် ရေလုံလောက်စွာရရှိရေးအတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံးတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်သည် မိုးရွာသွန်းမှုများပြားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ စားရေရိက္ခာဟူသည့် စကားရပ်တွင် ရိက္ခာဟူသည်မှာ တိုက်ရိုက်စားကုန်မဟုတ်သည့် ပစ္စည်းများပင်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း စားရေရိက္ခာများ ပြည့်စုံအောင်ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံတိုးတက်မှုများဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် လုပ်ဆောင်မှုများကို တားဆီးကာကွယ်ရန်လိုကြောင်း။

တည်ငြိမ်အေးချမ်းမှုဆိုရာတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ပဋိပက္ခများရှိသကဲ့သို့ တိုင်းရင်းသားရေးအရ၊ လူမျိုးရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများရှိကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများမှာ လွတ်လပ်ရေးနှင့်အတူ ပါရှိလာခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားရေးရာအရ သဘောထားကွဲလွဲမှုများသည်လည်း တိုင်းရင်းသားဒေသများတွင် အခွင့်အရေးတန်းတူညီမျှမှု မရှိခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တိုင်းရင်းသားများ၏ အခွင့်အရေးများကို တန်းတူပေးအပ်ထားကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးကို တူညီသည့်အဆင့်များပေးအပ်ထားကြောင်း၊ ဒေသအလိုက် တူညီသည့် အခွင့်အရေးများ ပေးထားခြင်းကြောင့် တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုအပေါ် အမြင်ရှင်းရန် လိုကြောင်း။

### ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်

မိမိတို့အနေဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရာတွင် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ၊ ဘင်းစတက်စ်အဖွဲ့ဝင်နိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် ဆက်ဆံမှုကောင်းရှိရမည်ဖြစ်သကဲ့သို့ မိမိတို့အပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ **နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရည်ရွယ်၍ ရိုးသားစွာဖြင့် မိမိတို့နှင့် လာရောက်ဆွေးနွေးမည်ဆိုပါက ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထား**ပါကြောင်း၊ တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းမည်ဆိုပါက တိုးတက်ဖွံ့ဖြိုးမှုများကို ယခုထက် ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ **တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကောင်းကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် အခြေခံဆောင်ရွက်ရမည့် အချက် ၂ ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တို့ပင်ဖြစ်**ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၌ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများပါရှိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံမှ စတင်၍ အခြေခံရေးဆွဲလာခြင်းဖြစ်၍ ဆယ်စုနှစ် ၃ စုကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ခေတ်နှင့်အညီ ဒီမိုကရေစီကို ... ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များကို အခြေခံဥပဒေနှင့်အညီ ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)၌လည်း အားလုံးက သဘောတူညီထားသည့် နိုင်ငံရေး၊ လူမှုရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အခြေခံကောင်းများ ပါရှိပြီးဖြစ်ကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး ပါဝင်ရန်လိုအပ်ကြောင်း၊ **ငြိမ်းချမ်းရေးကို လိုလားသည့် မည်သည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုမဆို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ထား**ကြောင်း၊ မိမိကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါကြောင်း၊ **နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသားများ အကျိုးကို ကြည့်ရှု၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို**ကြောင်း။

### တရားဥပဒေစိုးမိုးရေး

တရားဥပဒေစိုးမိုးရေးကို လူတိုင်းလိုလားကြပြီး မိမိတို့အနေဖြင့် ဥပဒေနှင့်အညီသာ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီကို လျှောက်လှမ်းရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အမှုအခင်းဖြစ်ပွားမှုများပြားသည်ကို အချက်အလက်များအရ တွေ့မြင်ရပြီး တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေနှင့်အညီ စနစ်တကျရှိစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### လူသားအရင်းအမြစ်ကောင်းများရရှိရေး ပညာရေး အားပေးမြှင့်တင်

ရခိုင်ပြည်နယ်အတွင်း အခြေခံပညာ တတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှုများလည်း နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးမှာ ကွာဟချက်ကြီးမားနေကြောင်း၊ ပညာရေးအားနည်းပါက အသိအမြင်နှင့် အတွေးအခေါ်များသည်လည်း အားနည်းလာမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်ချင်းနှင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးမှာ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်သည် ပဉ္စမတန်းအောက်သာရှိသည့်အတွက် နိုင်ငံအတွက် အန္တရာယ်ရှိသည့် အနေအထားပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်နိုင်ငံလုံး၏ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် KG + 9 အထိ မသင်မနေရစနစ်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ အသိပညာနှင့် အတတ်ပညာများ အားနည်းချက်ရှိခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အားနည်းချက်များ ဖြစ်ပေါ်နိုင်ကြောင်း၊ ရခိုင်ပြည်နယ်သည် ကောင်းမွန်သည့် ရေခံမြေခံများကို ပိုင်ဆိုင်ထားရှိကြောင်း၊ အဆိုပါ **အရင်းအမြစ်ကောင်းများကိုအခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူသားအရင်းအမြစ်များ

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ ရှုခင်းသာလမ်းတစ်လျှောက် ပြည်သူများ အနားယူအပန်းဖြေနိုင်ရန် ကမ်းခြေသဲဖို့ခြင်းလုပ်ငန်းများ စီမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

- **နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသားများ အကျိုးကို ကြည့်ရှု၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို**
- **အရင်းအမြစ်ကောင်းများကို အခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်**
- **နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့် အခန်းကဏ္ဍများမှ ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက ရခိုင်ပြည်နယ်သည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**

*စာမျက်နှာ ၄ မှ*

ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါ သင်တန်းကျောင်းများမှ အောင်မြင်ပြီးသူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံနှင့် နည်းပညာသိပ္ပံများသို့ ဆက်လက် တက်ရောက်နိုင်ပြီး ၎င်းမှတစ်ဆင့် သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်ပညာသင်ကြားနိုင်မည် ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားပြီးဆုံးချိန်တွင် သက်ဆိုင်ရာ ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် အသုံးချရန်လိုကြောင်း။

### စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်

စီးပွားရေးမြှင့်တင်မှုနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်တွင် စီးပွားရေးအရ အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေအတွက် လိုအပ်သည့်ရေများရရှိစေရေး မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်၍ရနိုင်သကဲ့သို့ မြေအောက်ရေဖြင့်လည်း ဆောင်ရွက်၍ရကြောင်း၊ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အတွင်း စပါးစိုက်ပျိုးမှုများကို အောင်မြင်အောင် ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သီးထပ်၊ သီးညှပ်များ စိုက်ပျိုးရာတွင် ပဲတီစိမ်းနှင့် မတ်ပဲများကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်ပပို့ကုန်ရရှိပြီး ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စနစ်တကျ မွေးမြူဆောင်ရွက်နိုင်မှုမရှိသဖြင့် ထိုက်သင့်သလောက် တိုးတက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက မွေးမြူရေးထုတ်ကုန်များကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ငါးပုစွန်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီး ပြည်တွင်းစားသုံးမှုကိုသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများမှ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း။

### စည်းကမ်းစနစ်တကျရှိစေရေး

နယ်စပ်ကုန်သွယ်မှုနှင့် ပတ်သက်၍လည်း စည်းကမ်းစနစ်တကျ ကုန်စည်တင်ပို့မှုများကို ဆောင်ရွက်ရန်လိုပြီး တရားမဝင်ကုန်သွယ်မှုများ ဖြစ်နိုင်သဖြင့် တရားမဝင် ကုန်သွယ်မှုလမ်းကြောင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းမှုနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအနေဖြင့် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို အသုံးပြုဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များစီးနင်းမှု၊ ရောင်းဝယ်မှုများမရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ လိုင်စင်မဲ့ယာဉ်များ စီးနင်းခြင်း၊ ရောင်းဝယ်ခြင်းများကြောင့် နိုင်ငံ၏ အခွန်ငွေများ ဆုံးရှုံးလျက်ရှိကြောင်း၊ ယာဉ်မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ လိုင်စင်နံပါတ်ပြား လဲလှယ်ခြင်းများကိုလည်း မတ်လကုန်အစား ဧပြီလအတွင်း နောက်ဆုံးဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သွားလာမှုစည်းကမ်းနှင့် ပတ်သက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ လမ်းများသည်လည်း လမ်းအင်္ဂါရပ်နှင့် ညီညွတ်မှုမရှိသည်များကိုလည်း တွေ့ရကြောင်း၊ လမ်းများပေါ်၌ စည်းကမ်းမဲ့ဈေးရောင်းချခြင်းများရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို လိုက်နာခြင်းမရှိမှုကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် လမ်းအင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် ဆောင်ရွက်ကြစေလိုကြောင်း။

မြို့ကွက်များတိုးချဲ့ရာတွင်လည်း မြို့အင်္ဂါရပ်များနှင့် ညီညွတ်စေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ပူပြင်းသည့်ဒေသဖြစ်သည့်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရလေကာပင်များ စိုက်ပျိုးမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြစေလိုကြောင်း။

### ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ရခိုင်ပြည်နယ်သည် ခရီးသွားလုပ်ငန်းအတွက် အလားအလာများစွာရှိသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ငပလီကမ်းခြေကဲ့သို့ ကမ္ဘာကျော်ကမ်းခြေများရှိသကဲ့သို့ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသလည်း ရှိကြောင်း၊ ဒေသတွင်း သာယာလှပရေး၊ တည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသအတွက်ဝင်ငွေများ ရရှိမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လေယာဉ်ကွင်းများ တိုးချဲ့ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တာဝန်ယူချိန် ကာလအတွင်း ရနိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့် အခန်းကဏ္ဍများမှ ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက ရခိုင်ပြည်နယ်သည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်ထွန်းနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းဦးတို့က လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ရှုခင်းသာလမ်းတစ်လျှောက်တွင် ပြည်သူများ အနားယူအပန်းဖြေနိုင်ရန်အတွက် ကမ်းခြေတစ်လျှောက် သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီမံဆောင်ရွက်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများ မင်းပြားဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃၁

ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ မင်းပြားမြို့ ပရိယတ္တိဓမ္မိကာရာမစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုလန္ဒာစရိယ မင်းပြားဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

## ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက စေတီတော် လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်စဉ်။

စာမျက်နှာ ၆ မှ

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဘုရားဒါယကာ၊ ဒါယိကာမများက ရတနတ္တ ပူဇာဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လင်္ကာတို့ကို ရွတ်ဆိုပွားများ ပူဇော်ကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက မင်းပြားဆရာတော်ကြီးထံမှ ကိုးပါး သီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော်ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သဗ္ဗညု ဘုရားရှင်အား ရည်မှန်း၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို သံဃာတော်များထံ သာဟတ္ထိက ဒါနမြောက်ဆက်ကပ်ပူဇော်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စကြာမုနိသိမ်တော်မြတ်ကြီးအတွင်းရှိ စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

ထို့နောက် စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဓမ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

## ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ မဟာမင်္ဂလာမဏ္ဍပ်တော်ကြီးရှေ့ရှိ ခေတ္တအပူဇော်ခံနေရာသို့ ပို့ဆောင်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။ ယင်းနောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ထို့နောက် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွက် အလှူငွေပေးအပ်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သိန်းခိုင်တို့က လက်ခံရယူကြသည်။

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ ယင်းနောက် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် စာမျက်နှာ ၈ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြစဉ်။

*စာမျက်နှာ ၇ မှ*

ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် စကြာမုနိသိမ်တော်မြတ်ကြီး အတွင်းရှိ စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ စကြာမုနိသိမ်တော်မြတ်ကြီးနှင့် စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

အဆိုပါ ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးသည် စစ်တွေမြို့ ရဲနွယ်စုရပ်ကွက် မေယုလမ်းနှင့် သတ္တုဥ္ဓာနလမ်းဆုံ၌ တင့်တယ်သပ္ပာယ်စွာ တည်ရှိလျက်ရှိပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှူးပြုသည့် စေတနာရှင်အလှူရှင်များက ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ တည်ထားကိုးကွယ်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကာ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားနှင့် မတ် ၂ ရက်တွင် စေတီတော်ကြီး အနေကဇာတင်အခမ်းအနားတို့ကို ကျင်းပပြုလုပ်ပြီးစီးခဲ့ကြောင်း၊ **"လောကာနန္ဒာ"** ဟူသည့် အဓိပ္ပာယ်မှာ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကတို့၏ ကိုးကွယ်ဆည်းကပ်ပူဇော်ရာဟူ၍ အဓိပ္ပာယ်ရကြောင်းနှင့် စေတီတော်ကြီးမှာ ဉာဏ်တော်အမြင့် ၁၀၈ တောင်၊ ပေအားဖြင့် ၁၆၂ ပေ၊ အချင်း ၂၃၂ ပေ၊ ရင်ပြင်တော်အကျယ် ၄၅၉ ပေ ရှိပြီး အရံစေတီတော် ရှစ်ဆူရှိကြောင်း၊ စေတီတော်၏ မုခ်ပေါက်လေးဘက်ကို ရှေးဟောင်းရခိုင်လက်ရာပုံစံများနှင့် ကျောက်ကို ထွင်းဆစ်ပြုလုပ်ထားပြီး အတွင်းနံရံလေးဘက်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်တော်စဉ် ၅၅၀ ဇာတ်နိပါတ်တော်များကို မြန်မာမှုပန်းတမော့လက်ရာ ရုပ်လုံး၊ ရုပ်ကြွများဖြင့် ကျောက်ဆစ် အနုလက်ရာ ပြောင်မြောက်စွာ ထွင်းထုထားရှိကြောင်း။

**အောင်မြင်စွာ ကျင်းပနိုင်ခဲ့**

လိုဏ်ဂူတော်အတွင်းတွင် အရပ်လေးမျက်နှာသို့ မျက်နှာမူနေသည့် ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရားရှင်တို့၏ ကြေးသွန်းဆင်းတုတော်လေးဆူမှာ ရခိုင်ရှေးခေတ်လက်ရာပုံစံများဖြင့် ထုဆစ်ထားသည့် ကျောက်သားပလ္လင်များပေါ်တွင် သပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူလျက်ရှိကြောင်း၊ စေတီတော်ကြီးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ စေတနာရှင်အလှူရှင်များက ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ကြကြောင်း၊ ယခုအခါတွင်လည်း စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ခုနစ်ရက် သားသမီး စေတနာရှင် အလှူရှင်များ စုပေါင်း၍ စေတီတော်ကြီးအတွင်းလိုဏ် အပါအဝင် ဘက်စုံပြုပြင်မွမ်းမံခဲ့ကြခြင်းဖြစ်ကြောင်းနှင့် ရတနာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ် နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❂ "လောကာနန္ဒာ" ဟူသည့် အဓိပ္ပာယ်မှာ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကတို့၏ ကိုးကွယ်ဆည်းကပ် ပူဇော်ရာဟူ၍ အဓိပ္ပာယ်ရကြောင်းနှင့် စေတီတော်ကြီးမှာ ဉာဏ်တော်အမြင့် ၁၀၈ တောင်၊ ပေအားဖြင့် ၁၆၂ ပေ၊ အချင်း ၂၃၂ ပေ၊ ရင်ပြင်တော်အကျယ် ၄၅၉ ပေရှိပြီး အရံစေတီတော် ရှစ်ဆူရှိကြောင်း၊ စေတီတော်၏ မုခ်ပေါက်လေးဘက်ကို ရှေးဟောင်းရခိုင်လက်ရာပုံစံများနှင့် ကျောက်ကို ထွင်းဆစ်ပြုလုပ်ထားပြီး အတွင်းနံရံလေးဘက်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်တော်စဉ် ၅၅၀ ဇာတ်နိပါတ်တော်များကို မြန်မာမှုပန်းတမော့လက်ရာ ရုပ်လုံး၊ ရုပ်ကြွများဖြင့် ကျောက်ဆစ် အနုလက်ရာ ပြောင်မြောက်စွာ ထွင်းထုထားရှိ**

## လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အမေရိကန်ဒေါ်လာဈေးနှုန်းတိုးမြှင့်သတ်မှတ်ခြင်းနှင့် အချို့သောနိုင်ငံခြားဘဏ်များတွင် မြန်မာနိုင်ငံက ငွေကြေးအဝင်/အထွက်တွေကို လက်မခံတော့ဘူးဆိုသည့် ကောလာဟလ ထွက်နေသောသတင်းများနှင့်ပတ်သက်ပြီး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ဖြေကြားချက်




တချို့သော မီဒီယာများက ကျွန်တော့်ကို ဒီမေးခွန်းတွေ မေးနေတာရှိပါတယ်။ ပထမဦးဆုံး မေးခွန်းဖြစ်တဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဒေါ်လာဈေးနှုန်းနဲ့ ပတ်သက်ပြီး တစ်ဒေါ်လာကို ၂၁၀၀ ဈေးနှုန်းသတ်မှတ်ထားပါတယ်။ တစ်ဒေါ်လာကို ၂၁၀၀ သတ်မှတ်ထားခြင်း ဈေးနှုန်းနဲ့ ပတ်သက်ပြီး ပြင်ဆင်ပြောင်းလဲဖို့ အစီအစဉ် မရှိသေးကြောင်း ပြောလိုပါတယ်။ ပြင်ဆင်ပြောင်းလဲဖို့ အစီအစဉ် မရှိသေးပါဘူး။ တချို့သောနိုင်ငံခြား ဘဏ်တွေနဲ့ ပတ်သက်ပြီး ယခင်အပတ်လောက်ကတိုင် ဟောလာဟလ ထွက်နေပါတယ်။

တချို့သော နိုင်ငံခြားဘဏ်တွေက မြန်မာနိုင်ငံ က ငွေအဝင်/အထွက်တွေ လက်မခံတော့ဘူး ဆိုပြီး ပြောနေတာရှိပါတယ်။ လက်တွေ့မှာ ပုံမှန်လည်ပတ်ဆောင်ရွက် နေလျက်ရှိပါတယ်။ ပုံမှန်လည်ပတ် ဆောင်ရွက်လျက်ရှိတယ်ဆိုတာ ကျွန်တော် ပြောလိုပါတယ်။

မြန်မာနိုင်ငံရဲ့ ငွေကြေးစနစ်နဲ့ ပတ်သက်ပြီး ဦးတည်ပြီး တိုက်ခိုက်နေတာတွေ များပါတယ်။ ယခင်တုန်းကလည်း ဘဏ်လုပ်ငန်းစနစ်တွေနဲ့ တိုက်ခိုက်နေတာရှိတယ်။ ငွေရေးကြေးရေးစနစ်အနေနဲ့လည်း တိုက်ခိုက်နေတာတွေရှိတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ဒီလိုကောလာဟလတွေကို မယုံကြဖို့။

ဗဟိုဘဏ် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းကို တိုက်ရိုက် ဆက်သွယ်ပြီး မေးမြန်းနိုင်ပါတယ်လို့ ကျွန်တော်အနေနဲ့ ပြောလိုပါတယ်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ (၄၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် မတ် ၃၁**

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ (၄၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ထမ်းများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အရေးကြီးသော အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး MSME လုပ်ငန်းများ အောင်မြင်ရန် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများသည် အရေးကြီးပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စွမ်းဆောင်ရည်ဆု၊ ခရိုင်အဆင့် စွမ်းဆောင်ရည်ဆု၊ ရက်ကန်းကျောင်းများအဆင့် စွမ်းဆောင်ရည်ဆု စသည့်စွမ်းဆောင်ရည်ဆု ခြောက်မျိုးကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး စွမ်းဆောင်ရည် ဂုဏ်ပြုမှတ်တမ်းလွှာ နှစ်ခုကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဆုများကို ထိုက်ထိုက်တန်တန်ရရှိခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ ရက်ကန်းကျောင်းများနှင့် အရာထမ်း၊ အမှုထမ်းများကို ဝန်ကြီးဌာနကိုယ်စား အထူးပင်ဂုဏ်ယူကြောင်း၊ ယခုလို ထူးချွန်ဆုများ ချီးမြှင့်ခြင်းသည် ဌာနအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုထက်မြက်လာရန် အထောက်အပံ့ဖြစ်သည့်အတွက် နှစ်စဉ်ဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း၊ ဝန်ထမ်းများအားလုံးကလည်း ဆုရရှိသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဝန်ထမ်းကောင်းတစ်ယောက်ပီသစွာနေထိုင်ကြရန်နှင့် နိုင်ငံနှင့် လူမျိုးအပေါ်၊ မိမိတို့ဌာနအပေါ် သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ စွမ်းဆောင်ရည် အကောင်းဆုံးဆု ရရှိသော ရှမ်းပြည်နယ်နှင့် ခေါင်းဆောင်မှု ထူးချွန်ဆုရရှိသော ရခိုင်ပြည်နယ်၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးများကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုးကလည်းကောင်း၊ (ရက်ကန်းကျောင်းများ အဆင့်) စွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသော စစ်တွေရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းနှင့် (ခရိုင်ရုံးများအဆင့်) စွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသော မင်းဘူးခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ကို ဒုတိယဝန်ကြီး ဦးမြင့်စိုးကလည်းကောင်း၊ အမှုထမ်းအဆင့် ဝန်ထမ်းထူးချွန်ဆုရရှိသူ တစ်ဦးနှင့် အရာထမ်းအဆင့် ဝန်ထမ်းထူးချွန်ဆုရရှိသူ တစ်ဦးတို့ကို အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်ကလည်းကောင်း၊ ဂုဏ်ပြုဆုရရှိသော ကုမ္ပဏီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ရရှိသော MCRD Micro Mart တွင် ရောင်းအားအကောင်းဆုံးနှင့် အမြတ်ငွေအများဆုံး ပေးသွင်းနိုင်ခဲ့သည့် စီမံကိန်းဌာနခွဲတို့ကို ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကာ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားသမားများအနေဖြင့် ရွှေတံဆိပ်ဆုများပိုမိုရရှိအောင် အစွမ်းကုန်ကြိုးစားအားထုတ် ယှဉ်ပြိုင်သွားကြရန်လို

**နေပြည်တော် မတ် ၃၁**

၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များမှ အုပ်ချုပ်/နည်းပြ၊ အားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ တွေ့ဆုံ အမှာစကားပြောကြားသည်။(ယာပုံ)




အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အိမ်ရှင်နိုင်ငံက (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အားကစားနည်း ၄၀ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်း ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး အချို့အားကစားနည်းများကို တရုတ်နိုင်ငံတွင်လည်း (Joint Training) ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြင့် ကြိုတင်ပြင်ဆင် လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲသုံးပစ္စည်းများနှင့် ပြိုင်ပွဲဝင်ဝတ်စုံများ၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများကို လိုအပ်ချက်များ မရှိအောင် အဘက်ဘက်မှ ထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးထားကြောင်း၊ အားကစားသမားများအား စိစစ်ရွေးချယ်ရာတွင် သတ်မှတ်စံနှုန်းအတိုင်း စံချိန်စံညွှန်းကောင်းမွန်ပြီး ထူးချွန်သည့် အကောင်းဆုံးအားကစားသမားများကိုသာ အားကစားနည်းအလိုက် ရွေးချယ်ရေးအဖွဲ့များဖြင့် မှန်မှန်ကန်ကန်စိစစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ခြင်းမခံရသည့် အားကစားသမားများအနေဖြင့် မိမိထက် အရည်အချင်းပြည့်ဝပြီး ထူးချွန်သူများကို တာဝန်ရှိသူများက စနစ်တကျ မှန်မှန်ကန်ကန် စိစစ်ရွေးချယ်ခဲ့မှုများအပေါ် စိတ်ပျက်အားငယ်ခြင်းမပြုဘဲ နောင်လာမည့် ပြိုင်ပွဲများတွင် ပိုမိုကောင်းမွန်ထူးချွန်သည့် အားကစားသမားများဖြစ်အောင် အစွမ်းကုန်ပြန်လည်ကြိုးစား လေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန် ရွေးချယ်ခြင်း ခံထားရသည့် အားကစားသမားများက လည်း နိုင်ငံ့ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် နောက်ဆုံးအချိန်ထိ မဆုတ်မနစ်သော ဇွဲ၊ စိတ်ဓာတ်၊ လုံ့လ၊ ဝီရိယတို့ဖြင့် အားသွန်ခွန်စိုက် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန်လိုကြောင်း၊ တားမြစ်ဆေးဝါးသုံးစွဲခြင်းသည် နိုင်ငံ့ဂုဏ်သိက္ခာကိုထိခိုက်စေပြီး ဆုတံဆိပ်ရရှိမည့် အခွင့်အရေး ဆုံးရှုံးနိုင်သည့်အတွက် မိမိကိုယ်တိုင်နှင့် နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာနိုင်ကြောင်း၊ ပြိုင်ပွဲဝင်အားကစားအဖွဲ့များအားလုံး တားမြစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး အုပ်ချုပ်/နည်းပြများအနေဖြင့် အားကစားသမားများအား အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားရန် လိုကြောင်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် အားကစားသမားများ၏ ကြိုးစားခဲ့မှုများကို အသိအမှတ်ပြုသည့် အနေဖြင့် နိုင်ငံတော်မှ အောင်မြင်မှုဆုတံဆိပ်ရရှိခဲ့သူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း၊ လာမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ယခင်နှစ်ထက် ပိုမိုရရှိအောင် ဆောင်ရွက်ကြရမည့်အပြင် နိုင်ငံအလိုက် အဆင့်တက်အောင် ပိုမိုကြိုးစားယှဉ်ပြိုင်ခဲ့ကြရန် နိုင်ငံတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည့် အတွက် အားကစားသမားများ အနေဖြင့် ရွှေတံဆိပ်ဆုများ ပိုမိုရရှိအောင် အစွမ်းကုန် ကြိုးစားအားထုတ် ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နည်းပြများ အနေဖြင့်အားကစားသမားများက ယုံကြည်အားကိုး လေးစားမှုရှိသည့် နည်းပြဆရာကောင်းများ ဖြစ်အောင် ပြုမူနေထိုင်ပြောဆို၍ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အားကစားသမားမောင်မယ်များအနေဖြင့် မိမိကိုယ်ကို ဂုဏ်ယူစွာဖြင့် နေထိုင်လုပ်ဆောင်သွားကြရန်လိုကြောင်း၊ အားကစားအဖွဲ့များ အားလုံး အောင်မြင်မှု ဆုတံဆိပ်များ ဆွတ်ခူးနိုင်အောင် အစွမ်းကုန် ကြိုးစား လေ့ကျင့်သွားကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ပြိုင်ပွဲဝင် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တစ်လကြာဖွင့်လှစ်ခဲ့သည့် နွေရာသီ အခြေခံရိုးရာခြင်းလုံးသင်တန်းဆင်း




**ရန်ကုန် မတ် ၃၁**

နွေရာသီအခြေခံရိုးရာခြင်းလုံးသင်တန်းဆင်းပွဲကို လမ်းမတော်မြို့နယ် အ.လ.က(၁)၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်တို့က အမှာစကားများ ပြောကြားကြကာ နည်းပြချုပ် ဦးခင်မောင်ဝင်းက သင်တန်းဖွင့်လှစ်မှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အလိုက် သင်တန်းဆင်းလက်မှတ်များကို ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်နှင့် တာဝန်ရှိသူများကအသီးသီး ချီးမြှင့်ခဲ့ကြပြီး သင်တန်းသားများက ရိုးရာခြင်းလုံးစွမ်းရည်များကို ပြသခဲ့ကြသည်။

ယင်းသင်တန်းကို မတ် ၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး ပန်းဘဲတန်း၊ ကျောက်တံတား၊ လသာ၊ လမ်းမတော်၊ ဗဟန်း၊ မရမ်းကုန်း၊ ကမာရွတ်မြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း၊ နွေရာသီအခြေခံရိုးရာခြင်းလုံးသင်တန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက မြစ်ကြီးနား၊ တောင်ကြီး၊ တောင်ငူ၊ မန္တလေး၊ မြစ်သား၊ ပြည် အစရှိသည့် မြို့နယ်များတွင်လည်း ဖွင့်လှစ်ခဲ့ကြောင်း၊ လာမည့် ဇွန်လတွင် ပညာရေးဒီဂရီကောလိပ်များ၌ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ သိရသည်။

**အားကာမောင်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ ညစာစားပွဲ တက်ရောက်



**နေပြည်တော် မတ် ၃၁**

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ ညစာစားပွဲအခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၃)ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ရုံးဥပစာ၌ ယနေ့ ညနေ ၆ နာရီတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်ချီးမြှင့်သည်။

နှစ်ပတ်လည် ညစာစားပွဲ အခမ်းအနားကို ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဝန်ထမ်း များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး (ဓာတ်ပုံ) မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့ ဝန်ထမ်း မိသားစုများက တေးသံသာများနှင့် သီဆိုကပြ ဖျော်ဖြေသည်။

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်တွင် ဦးစီးဌာနတစ်ခုအဖြစ် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်တွင် (၇) နှစ်ပြည့်မြောက်မည်ဖြစ်သည်။ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သည် နိုင်ငံတော်၏ ပို့ကုန်မြှင့်တင်ရေး ရည်မှန်းချက်များကို ဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်တွင် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍရှိ ငွေကြေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံခြားဘဏ်များနှင့် ငွေပေးချေမှုကိစ္စရပ်များ၊ ငွေကြေးခဝါချမှုဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှု အခြေအနေများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များအကြား သုံးသပ်ဆွေးနွေးသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၃၁**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်တွင် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍရှိ ငွေကြေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံခြားဘဏ်များနှင့် ငွေပေးချေမှုကိစ္စရပ်များ၊ ငွေကြေးခဝါချမှုဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှု အခြေအနေများအပေါ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များအကြား သုံးသပ်ဆွေးနွေးသည့် အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များ တက်ရောက်ကြသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် သုံးနှစ်တာကာလအတွင်း တိုးတက်မှုကို ဆွေးနွေးခဲ့ရာ ပုဂ္ဂလိကဘဏ်များ၏အပ်ငွေသည် ယခင်ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက ၁၄ ဒသမ ၄၂ ရာခိုင်နှုန်း၊ ချေးငွေသည် ၇ ဒသမ ၈၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ Credit to GDP Ratio သည် ၂၈ ရာခိုင်နှုန်းရှိကြောင်း၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဘဏ်များ၏ ဗဟိုဘဏ်ရှိအပ်နှံငွေသည် ၃၅ ရာခိုင်နှုန်းနှင့် ဘဏ်များ၏လက်ဝယ်ရှိငွေသားလက်ကျန်ပမာဏသည် ၃၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ Interbank Market ရှိ ငွေကြေး လွှယ်ကူမှု Turnover သည် ငွေကျပ် ၁၁၆၆ ဘီလီယံ၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၉၈ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ပါကြောင်း၊ နိုင်ငံခြားဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များအကြားတွင် ကျပ်ငွေလွှယ်ကူမှု ပိုမိုမြင့်မားလာကြောင်း၊ ကုန်သွယ်မှုကဏ္ဍအတွက် လိုအပ်သည့် ကာလတိုငွေကြေးဖြည့်ဆည်းမှုများ အားကောင်းလာကြောင်း၊ စီးပွားရေးဖွံ့ဖြိုးလာမှုနှင့် လုပ်ငန်းများ လည်ပတ်မှုများ အားကောင်းလာသဖြင့် ဘဏ်များအနေဖြင့် ချေးငွေများ ပိုမိုကောက်ခံ ရရှိလာပြီး၊ ချေးငွေများအပေါ် (Restructuring and Rescheduling) များ ဆောင်ရွက်ပေးခြင်းကြောင့် ပိုမိုလုပ်သာကိုင်သာရှိလာသဖြင့် အရင်း/အတိုး ပေးဆပ်ရန် ပျက်ကွက်သော ချေးငွေများ လျော့နည်းကျဆင်းလာကြောင်း စသည့်ဘဏ်လုပ်ငန်းကဏ္ဍအတွင်း ဖြစ်ပေါ်တိုးတက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံခြားငွေနှင့်ပတ်သက်၍ ဗဟိုဘဏ်က သတ်မှတ်ပေးသည့် စည်းမျဉ်းများကို ဘဏ်များ၊ Exporter များ၊ Importer များလိုက်နာစေရေး၊ Export Earnings ပြန်မဝင်သည့် ကိစ္စရပ်များ စောင့်ကြည့်စစ်ဆေးနိုင်ရေး၊ လိုအပ်သည့်အထောက်အထားများ ရယူစစ်ဆေးနိုင်ရေး၊ KYC/CDD နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့်အထက် ငွေလွှဲဝင်ရောက်ခြင်းများကို ဗဟိုဘဏ်သို့ သတင်းပို့ရေး၊ သတင်းပို့ရန် ပျက်ကွက်ပေါ့လျော့မှုများကြောင့် ဆုံးရှုံးမှုများ ဖြစ်လာပါက စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းဖြင့် အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) သို့ သတင်းပေးပို့ရမည့် စာရင်းများအား စနစ်တကျ စောင့်ကြည့်ပေးပို့သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့ပြင် နယ်စပ်ဒေသတွင် ဖွင့်လှစ်ထားသည့် ဘဏ်ခွဲများ၌ တရားမဝင်ငွေလွှဲကိစ္စရပ်များ မဖြစ်ပွားအောင် အထူးဂရုပြု ဆောင်ရွက်သွားရန်ဖြစ်ကြောင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများသည် မိုဘိုင်းဖုန်းအသုံးပြု၍ ငွေလွှဲဆောင်ရွက်မှုများမှတစ်ဆင့် အဖြစ်များသဖြင့်



Monitoring အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဗဟိုဘဏ်အနေဖြင့်လည်း ဘဏ်များ၏ လိုအပ်ချက်အပေါ်မူတည်ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ပံ့ပိုးပေးနေသည့်အတွက် ဘဏ်များအနေဖြင့် စည်းကမ်းတကျလိုက်ပါဆောင်ရွက်ရန်လိုအပ်ကြောင်း ကုန်သွယ်မှုကဏ္ဍတွင် ဒေသသုံးငွေကြေးများပိုမိုသုံးစွဲပြီး ဒေါ်လာအပေါ် မှီခိုအားထားမှုလျော့ချကာ Currency Diversifi-cation ကို ဆုံးရှုံးနိုင်ခြေပေါ်မူတည်၍ စီမံခန့်ခွဲရန် လိုအပ်ကြောင်း၊ ယွမ်/ထိုင်းဘတ်အပြင် ရူပီးနှင့်ကျပ်ကိုပါ သုံးစွဲနိုင်ရေး အိန္ဒိယဗဟိုဘဏ်နှင့် အတည်ပြုချက်ရယူပြီး၍ မကြာခင်ကုန်သွယ်မှုကဏ္ဍသို့ ဆောင်ရွက်မည့် အစီအမံများ ချပြပေးမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များက သက်ဆိုင်ရာဘဏ်အလိုက် ဆောင်ရွက်လျက်ရှိသည့် တိုးတက်မှု၊ လာမည့်ဘဏ္ဍာနှစ်တွင် လုပ်ငန်းတိုးချဲ့အကောင်အထည်ဖော်မည့် အခြေအနေ၊ Digital Banking ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ Internal Control စီမံထားရှိမှု၊ AML/CFT ဆိုင်ရာ လိုက်နာဆောင်ရွက်နေသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ကောင်းမွန်သည့် ဘဏ်စနစ်ဖြစ်ပေါ်ပြီး တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်များအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားရန်၊ ဘဏ်လုပ်ငန်းရေရှည်ဖွံ့ဖြိုးစေရန်အတွက် တိုးတက်ကောင်းမွန်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုသွားရန်၊ Risk Management ကို တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းလုံခြုံမှုနှင့် အောင်မြင်မှုတို့ကို ဟန်ချက်ညီစွာပေါင်းစပ်ဆောင်ရွက်ပြီး ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

❏ *ကျောဖုံးမှ*

မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်ကြား ရဲရွာ ရေလှောင်တမံသွားကားလမ်းဘေးတွင် ဖွင့်လှစ်ထားသည့် အဆိုပါဝါးနက်ဆင်စခန်းသည် ခရီးသွားပြည်သူများအတွက် သဘာဝတောတောင်ရှုခင်းအလှများနှင့် ဆင်စီးပြီးအပန်းဖြေနိုင်ရေးအတွက် ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း၊ ဝါးနက်ဆင်စခန်းမိသားစုက သင်္ကြန်ပိတ်ရက်ရှည်ကာလတွင် လာရောက်လည်ပတ်ကြမည့် ပြည်သူ ၁၅၀ နှင့် ၂၀၀ အတွက် ဖျော်ရည်မျိုးစုံ စတုဒိသာကို နေ့စဉ်ညှော်ခံပေးမည့်အပြင် ဆင်များ၏ နှာမောင်းများဖြင့် ရေပက်ဖျန်းကြိုဆိုခြင်းများနှင့် သင်္ကြန်မဏ္ဍပ်ငယ်များ ဆောက်လုပ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝါးနက်ဆင်စခန်းတွင် ဆင်စီး၍ တောတောင်ရှုခင်းများ ကြည့်ရှုနိုင်ခြင်း၊ ဆင်များ၏ လိမ္မာမှုများပြသခြင်း စသည့်ဝန်ဆောင်မှုများပေးနေပြီး လာရောက်သူများက ဆင်များကို အစာကျွေးခြင်း၊ ဆင်နှင့်အတူ ဓာတ်ပုံရိုက်ခြင်းတို့ ပြုလုပ်ကြကြောင်း၊ ဆင်စခန်းဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ဆင်စီးသည့် ဝန်ဆောင်မှုအတွက် ခရီးတိုလျှင် ငွေကျပ် ၃၀၀၀ နှင့် ခရီးရှည်လျှင် ငွေကျပ် ၅၀၀၀ ကျသင့်ကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

## မော်လိုက်မြို့၌ အင်္ဂလိပ်စာသင်တန်း အခမဲ့ပို့ချ

**မော်လိုက် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ Basic English Grammar & Four Skills သင်တန်းကို မတ် ၁၃ ရက် နံနက် ၁၀ နာရီက မော်လိုက်ခရိုင်ရုံး စုပေါင်းခန်းမ၌ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၆၅ ဦး တက်ရောက်လျက်ရှိသည်။

အဆိုပါ သင်တန်းအား မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အနာဂတ် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရမည့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ နွေရာသီ ကျောင်းပိတ်ရက်ကို အကျိုးရှိရှိ အသုံးချတတ်စေရန်၊ အင်္ဂလိပ်စာ (Grammar) ကို နားလည်ပြီး အရေးစွမ်းရည်၊ အဖတ်စွမ်းရည်၊ အပြောစွမ်းရည်၊ နားထောင်စွမ်းရည်များ ပိုမိုတတ်ကျွမ်းနားလည်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း ဖွင့်လှစ်သည့် Basic English Grammar & Four Skills သင်တန်းကို မတ် ၁၃ ရက်မှ ဧပြီ ၇ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ အခမဲ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ခရီးသွားလုပ်ငန်းဆိုင်ရာသုတေသနတွေ့ရှိချက်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၃၁**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၁ အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနစီမံကိန်း ပိတ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် တက်ရောက်အမှာစကားပြောကြားသည်။




အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)မှ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ရေးလုပ်ငန်း အဖွဲ့ဝင်များ၊ စီမံကိန်းမှ မြန်မာနိုင်ငံသား ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလာ တက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ ဖြင့် "The Establishment of Bakery & Pastry Trainings for the Vulnerable Persons Project" စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ်အတွက် စီမံကိန်းသုံးခုကိုလည်း အဆိုပြုထားပါကြောင်း၊ ၂၀၂၁ အထူးရန်ပုံငွေအရ အကောင်အထည်ဖော်သော စီမံကိန်းကာလအတွင်း စီမံကိန်း၏ ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ဝန်ကြီးဌာန၊ ခရီးသွားလုပ်ငန်းနှင့် ပညာရေးနယ်ပယ်တို့မှ ဝန်ထမ်းများ၊ ဆရာ ဆရာမများကို သုတေသနစစ်တမ်းကောက်ယူခြင်း နည်းလမ်းများကို သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနတွေ့ရှိချက်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီမံကိန်းရလဒ်အနေဖြင့် ဝန်ကြီးဌာနတွင်း သုတေသနအဖွဲ့ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ လက်စွဲစာအုပ်၊ လုပ်ငန်းစီမံချက်များပါရှိသည့် စစ်တမ်းပြက္ခဒိန်၊ ခေတ်မီနည်းစနစ်များ အသုံးပြု၍ ခရီးသွားစစ်တမ်းများ ကောက်ယူခြင်းနှင့် အစီရင်ခံစာထုတ်ပြန်နိုင်ခြင်း၊ စီမံကိန်းရေရှည်တည်တံ့ရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်နိုင်ခြင်း စသောအကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း။

ထို့ပြင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ၏ မြန်မာနိုင်ငံအတွင်း၌ သုံးစွဲခဲ့သောငွေကြေးပမာဏနှင့် ပျမ်းမျှနေထိုင်သည့် ကာလတို့ကို သိရှိရပြီး မြန်မာနိုင်ငံသားများ၏ ပြည်ပသို့ခရီးသွားလာမှု၊ သုံးစွဲခဲ့သည့် ငွေကြေးပမာဏနှင့် ပျမ်းမျှနေထိုင်သည့်ကာလတို့ကိုလည်း သိရှိရကြောင်း၊ ပြည်တွင်းခရီးသွားစစ်တမ်းအရ မြန်မာနိုင်ငံသားများအနေဖြင့် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ တောင်ကြီး စသောမြို့ငါးမြို့သို့ အများဆုံးသွားရောက်လည်ပတ်ခဲ့ကာ ပျမ်းမျှ ရက်ပေါင်း ၁၀ ရက်ခန့် နေထိုင်ကြသည်ကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ တည်းခိုမှုစာရင်းကို နေ့စဉ်ပြုစုလျက်ရှိရာ ပိုမိုတိကျသေချာသော စာရင်းရရှိရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းပါဝင်ပေးကြစေလိုကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရန် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Minister Counselor က ဂုဏ်ပြုစကားပြောကြားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) ရုံးမှ ဒုတိယဥက္ကဋ္ဌက ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းဆိုင်ရာ ရလဒ်များ၊ အတွေ့အကြုံများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ) **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ နှင့် တရုတ်နိုင်ငံ ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းဆိုင်ရာ ဆွေးနွေး

**ပုဂံ မတ် ၃၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Li Qun သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ ပညာရှင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယမန်နေ့က ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ရောက်ရှိပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ပြုပြင်ထိန်းသိမ်းလျက်ရှိသော သဗ္ဗညုဘုရားကြီး ပြုပြင်ထိန်းသိမ်းမှု အပါအဝင် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကိုသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သောအဖွဲ့နှင့် ညနေပိုင်းတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက တရုတ်နိုင်ငံအစိုးရ အကူအညီဖြင့် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ သဗ္ဗညုဘုရား ပြုပြင်မွမ်းမံရေးစီမံကိန်း လုပ်ငန်းစတင်ခြင်း အခမ်းအနားကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျင်းပခဲ့ကြောင်းသဘောတူညီချက်အတိုင်း ဆက်လက်၍ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းပေးမည်ကို သိရှိရသဖြင့် ကျေးဇူးတင်ပါကြောင်း၊ ပုဂံယဉ်ကျေးမှုဒေသ တစ်ခုလုံးအား အဆင့်မြင့်နည်းပညာဖြင့် စဉ်ဆက်မပြတ် စောင့်ကြည့်ထိန်းသိမ်း ကွပ်ကဲသည့်စနစ် တပ်ဆင်မှုလိုအပ်သဖြင့် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ အနော်ရထာနန်းတော်အား အဆင့်မြှင့်တင်ရေးနှင့် ခင်းကျင်းပြသရေးတို့အတွက် ဆက်လက်ကူညီ ဆောင်ရွက်စေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။ (ယာပုံ)

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကို ဆက်လက်ကူညီ ဆောင်ရွက်ပေးရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးကို နိုင်ငံတော်အဆင့်အဖြစ် မြှင့်တင်ဆောင်ရွက်နေပြီး လုပ်ငန်းကျွမ်းကျင်သော ရှီအမ်းပြည်နယ်ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးဌာနကို တာဝန်ပေးထားကာ မိမိတို့ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ကြီးကြပ်ပေးနေပါကြောင်း တရုတ်သမ္မတကြီး ရှီကျင့်ဖျင်က အာရှယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးအတွက် မြှင့်တင်ဆောင်ရွက်ရန် အဆိုပြုထား၍ မြန်မာနိုင်ငံကိုလည်း ပါဝင်ပူးပေါင်းရန် ဖိတ်ခေါ်ပါကြောင်း ဆက်လက်၍လည်း နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် မြှင့်တင်ရေးအတွက် ကူညီပူးပေါင်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးအဖွဲ့တို့နှင့်အတူ သဗ္ဗညုဘုရားအား တရုတ်ပညာရှင်အဖွဲ့က ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များကို ရှီအမ်းပြည်နယ် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့က ရှင်းလင်းတင်ပြမှုကို ကြည့်ရှုစစ်ဆေး၍ အမြန်ဆုံးလုပ်ငန်းစတင် ဆောင်ရွက်သွားရန်နှင့် အဆင့်မြင့် နည်းပညာများဖြင့် ပြုပြင်ထိန်းသိမ်းသွားရန် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ စူဠာမဏိဘုရား၊ ဓမ္မရံကြီးဘုရား၊ အာနန္ဒာဘုရား၊ ရွှေစည်းခုံဘုရားနှင့် ချူအင်လိုင်းတန်ဆောင်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။ **သတင်းစဉ်**

# တောင်သာမြို့နယ်ရှိ ကျေးရွာရှစ်ရွာ၌ မီးလင်းရေးလုပ်ငန်းများနှင့် ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**တောင်သာ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် မီးလင်းရေး လုပ်ငန်းကို ကျေးရွာလေးရွာ၌လည်းကောင်း၊ ရေရရှိရေးလုပ်ငန်းကို ကျေးရွာလေးရွာ၌ လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးလင်းရေးလုပ်ငန်းကို ချောင်းဆုံကျေးရွာ၌ ထရန်စဖော်မာလဲလှယ်ခြင်း၊ ပန်းပေါင်းကျေးရွာ၌ ၄၀၀ ဗို့အားလိုင်း ၃၄၁၆ ပေ မီးကြိုးသွယ်တန်းခြင်း၊ ကျောက်ဖူးကျေးရွာ၌ မီးတိုင် ၄၀၀ ဗို့အားလိုင်း ၁၉ တိုင်၊ မီးကြိုး ၁၉၃၉ ပေ တိုးချဲ့သွယ်တန်းခြင်း၊ မကြီးပင်တဲကျေးရွာ၌ ၄၀၀ ဗို့အားလိုင်း ၂၄၇၃ ပေ မီးကြိုးသွယ်တန်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ရေရရှိရေးလုပ်ငန်းကို ချောင်းဆုံ(လ)ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်း ပေ ၇၀၀၀၊ မြေဖြူကုန်းကျေးရွာ၌ စက်ရေတွင်းဆိုလာတပ်ဆင်ခြင်း 3Phase. 5KW၊ ရွှေစည်ကြီးကျေးရွာ၌ လေးလက်မစက်ရေတွင်း ပေ ၃၀၀ တူးဖော်ခြင်း၊ သာစည်ကျေးရွာ၌ ပေ ၇၀၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၃၀ ဖြင့် ကျေးရွာပေါင်း ရှစ်ရွာတွင် ကျပ်သိန်းပေါင်း ၁၀၄၀ အကုန်ကျခံဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးသဖြင့် အိမ်ခြေပေါင်း ၁၆၆၀၊ လူဦးရေ ၉၄၇၁ ဦးအတွက် လူမှုစီးပွား ဘဝ ဖွံ့ဖြိုးလာနိုင်ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။ **ယွန်း(မုံရွာ၊ကိုယ်ပွား)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၃၁**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ဘော်လခဲမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့၊ ပြည်မြို့၊ တောင်ငူမြို့၊ ရွှေကျင်မြို့၊ လေးထပ်ပြင် (ပြည်မြို့နယ်)နှင့် ဖားဆောင်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၈၆) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၃၁**
ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၈၆) နှစ်မြောက် အဖွဲ့စတင်ဖွဲ့စည်း တည်ထောင်သောနေ့ (Foundation Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါအဖွဲ့ရုံးရှိ စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီ၊ ဦးသန်းဝင်းနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝန်ထမ်းလုပ်သက် နှစ် ၃၀ ပြည့်သူများ၊ အဖွဲ့အဆင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့် ရုံးလုပ်ငန်းလက်စွဲ ရေးဖြေစာမေးပွဲတွင် ဆုရရှိကြသည့် အရာထမ်း၊ အမှုထမ်းများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် သင်တန်းများ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများ၊ အဖွဲ့အဆင့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဆောင်းပါး၊ ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော် ဝန်ထမ်းအိမ်ရာများတွင် အိမ်ခန်းအလိုက် သန့်ရှင်းသပ်ရပ်မှု အကောင်းဆုံးဆုရရှိသူများ၊ မီးဘေးလုံခြုံရေးဆိုင်ရာ မီးငြိမ်းသတ်စက်ကိုင်တွယ်အသုံးပြုခြင်း ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိကြသည့် ဝန်ထမ်းအဖွဲ့များကို ဆုများချီးမြှင့်ပြီး ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနအဆင့် လွန်ဆွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် အဖွဲ့ကိုယ်စားပြု လွန်ဆွဲ(အမျိုးသမီး) အသင်းတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ကြသည်။



ထို့နောက် ဗလာမပါ ကံစမ်းမဲများဖောက်ပေးခြင်း၊ အဆိုပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပပြီး နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသူများအား ညစာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၃၁**
နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**



ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံပုံစံမသပ်၍ သီးထပ်ဧရိယာ တိုးချဲ့စိုက်ပျိုးရန်၊ တောင်သူလယ်သမားနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သည့် အကျိုးတူလယ်ယာစနစ် ဖွံ့ဖြိုးလာရေးနှင့် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေး တွန်းအားပေးဆောင်ရွက်ရန်၊ တောင်သူများလိုအပ်သည့် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိရေးနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးရန်၊ မျိုးစေ့ထုတ်လုပ်ငန်းများတွင် တောင်သူများ ကိုယ်တိုင်ပူးပေါင်းပါဝင်သော မျိုးစေ့ထုတ်အစုအဖွဲ့များတည်ထောင်ရန်၊ စံပြစိုက်ပျိုးရေး၊ မွေးမြူရေးကျေးရွာများ ထူထောင်၍ တောင်သူအချင်းချင်းဖြန့်ဝေသော နည်းပညာပြန့်ပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်၊ စပါးအခြောက်ခံစက်များအပါအဝင် လယ်ယာလုပ်ငန်းခွင်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံး၌ စက်ကိရိယာတိုးမြှင့်သုံးစွဲနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် နှင့် တာဝန်ရှိသူများသည် ချမ်းမြသာစည်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းလုပ်ငန်းများနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အဆင့်မြင့်ဓာတ်ခွဲခန်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန်နှင့် ကျွမ်းကျင်သည့် ဓာတ်ခွဲခန်းပညာရှင် အရင်းအမြစ်များ တိုးပွားရေးဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အလားတူ ပုသိမ်ကြီးမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အသားတိုးနွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်သရုပ်ပြခြံ (ကြူဝန်း)၏ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် အသားတိုး နွားမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။ အဆိုပါ အသားတိုးနွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့် သရုပ်ပြခြံ(ကြူဝန်း)သည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ရွှေနီနွားမကြီး ၁၅ ကောင်၊ ပြာစိမ်းနွားမ ၁၈ ကောင်၊ ဘရာမင် အမ ၁၁ ကောင် စုစုပေါင်း ၄၄ ကောင်ကို ၁၀၀ ရာခိုင်နှုန်း ဘရာမင်မျိုးရည်ခဲချောင်းဖြင့် မေထုန်မဲ့သားစပ်ထားရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် နှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့ရှိ ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ဗဟိုဌာနသို့ရောက်ရှိရာ ခြံတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြန်မာ့ပိုးစာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးနှင့် တန်ဖိုးမြှင့်ပိုးချည်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ပိုးသုတေသနနှင့် ပိုးစာသုတေသန လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကန့်ဘလူမြို့နယ် မိုးကောင်းကျေးရွာနှင့် တန့်ဆည်မြို့နယ် ကျွန်းလည်ကျေးရွာတို့အား ဆက်သွယ်သည့် ပြည်ငြိမ်းချမ်းသာ မူးမြစ်ကူးတံတားဖွင့်ပွဲနှင့် ကန့်ဘလူခရိုင် တရားရုံးနှင့် မြို့နယ်တရားရုံးဖွင့်ပွဲများပြုလုပ်

**နေပြည်တော် မတ် ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ညောင်ပင်ကြီး ကျေးရွာအုပ်စု မိုးကောင်းကျေးရွာနှင့် ရေဦးခရိုင် တန့်ဆည်မြို့နယ် ကျွန်းလည်ကျေးရွာတို့အား ဆက်သွယ်သည့် ပြည်ငြိမ်းချမ်းသာ မူးမြစ်ကူးတံတားဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မူးမြစ်ကူးတံတား မုခ်ဦးရှေ့၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(ဝဲပုံ)**



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကား ပြောကြားပြီး ကန့်ဘလူမြို့နယ် မြေထူးကျေးရွာအုပ်စု မော်တော်ကျေးရွာ သာသနာ့အလင်းရောင် ကျောင်းတိုက် ဆရာတော်က ကျေးဇူးတင်စကားမိန့်ကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်ငြိမ်းချမ်းသာ မူးမြစ်ကူးတံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါတံတားမှာ တံတားအရှည်ပေ ၁၅၀၀ နှင့် အကျယ်ပေ ၂၀ ရှိပြီး စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၁၅၀၀ ဖြစ်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၅၀၀ နှင့် ပြည်သူလူထုမှ လှူဒါန်းငွေကျပ်သိန်း ၁၀၀၀ ဖြင့် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ကန့်ဘလူခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး ဖွင့်ပွဲသို့ သွားရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းအားအမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အဆောက်အဦအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပါအစည်းအဝေးခန်းမ၌ အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ရုံးအဆောက်အဦနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရွှေပင်အောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အဆောက်အဦနှင့် သက်ဆိုင်သော စာရွက်/စာတမ်းများကို တိုင်းဒေသကြီး တရားရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ အဝတ်အထည်ဈေးမီးလောင် ဈေးဆိုင်ပေါင်း ၅၀၀ ကျော်ပျက်စီး



ဈေးဆိုင်ခန်းများ မီးလောင်နေသည်ကို တွေ့ရစဉ်။

**နယူးဒေလီ မတ် ၃၁**

အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ မတ် ၃၁ ရက်က မီးအကြီးအကျယ်လောင်မှုကြောင့် ဈေးဆိုင်ပေါင်း ၅၀၀ ထက်မနည်း ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု အာဏာပိုင်များက ပြောသည်။

သို့သော်လည်း မီးလောင်မှုကြောင့် လူသေဆုံးဒဏ်ရာရရှိခြင်းမရှိဟု သိရသည်။ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် လက်ခနောင်းမြို့ အနောက်တောင်ဘက်ရှိ ဘက်စ်မန်ဒီဒေသ အဝတ်အထည်ဈေးမှ စတင်မီးလောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ဆိုင်ပေါင်း ၅၀၀ ထက်မနည်း ပျက်စီးဆုံးရှုံးခဲ့ရပြီး မီးကူးစက်လောင်မှုမှာ အလွန်လျင်မြန်သည်ဟု ရဲများက ပြောသည်။

မီးလောင်မှု ဖြစ်ပွားသည်ဟူသောသတင်းကြားပြီးနောက် မီးသတ်ကားပေါင်း ၁၂ စီးကျော်လာရောက်ငြိမ်းသတ်ခဲ့သည်ဟု သိရသည်။ အခင်းဖြစ်ပွားရာနေရာတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ယခုအခါ၌ မီးလောင်မှုကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ် မီးသတ်ဌာနမှ အရာရှိတစ်ဦးဖြစ်သူ အဂျေးကူးမားက ပြောသည်။ မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းကိုမူ မသိရသေးချေ။

မီးလောင်မှုဖြစ်ပွားစဉ် ဆိုင်များအားလုံးပိတ်ထားသဖြင့် လူသေဆုံးမှုကို ရှောင်ရှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း ရဲက ပြောသည်။ နာရီပေါင်း အနည်းငယ်ကြာ မီးလောင်မှုကြောင့် အမေရိကန်ဒေါ်လာသန်းနှင့်ချီသည့် ကုန်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်ဟု ဒေသခံများက ပြောသည်။ **ဆင်ဟွာ**

## ဆူဒန်မြောက်ပိုင်း၌ ရွှေတွင်းပြိုကျမှုကြောင့် ၁၀ ဦး သေဆုံး

**ခါတွန် မတ် ၃၁**

ဆူဒန်နိုင်ငံမြောက်ပိုင်း၌ မတ် ၃၀ ရက်က ရွှေတွင်းပြိုကျမှုကြောင့် အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက မတ် ၃၁ ရက်တွင် ဖော်ပြသည်။

ဝါဒီဟယ်ဖာ ဧရိယာရှိ ဂျာဘယ်လ်အယ်လ်အာမာ မိုင်းတွင်း ပြိုကျမှုကြောင့် ရွှေမိုင်းတွင်း လုပ်သားအများအပြား ပိတ်မိခဲ့ကြောင်း ဆူဒန်နိုင်ငံ တရားဝင်သတင်းအေဂျင်စီ ဆူနာက ဖော်ပြသည်။ သေဆုံးသွားသည့် မိုင်းတွင်းလုပ်သား ၁၀ ဦးအနက် အများစုမှာ လူငယ်များဖြစ်ပြီး ၎င်းရပ်အလောင်းများနှင့် ဒဏ်ရာရရှိသူ သုံးဦးတို့ကို ဝါဒီဟယ်ဖာ ဆေးရုံသို့ လွှဲပြောင်းပေးခဲ့ကြောင်း ဖော်ပြထားသည်။


ဆူဒန်နိုင်ငံ၌ အလုပ်သမားအချို့ ရွှေတူးဖော်နေမှုကို တွေ့ရစဉ်။

အခက်အခဲများ ကြားမှ ပျောက်ဆုံးသူများကို ရှာဖွေမှုများ လုပ်ဆောင်နေချိန်တွင် သေဆုံးသူအရေအတွက် တိုးလာဖွယ်ရှိကြောင်း ဒေသတွင်းလုံခြုံရေး သတင်းအရင်းအမြစ်များက ဖော်ပြသည်။

လုပ်ငန်းခွင်အခြေအနေ ဆိုးရွားခြင်းနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာစည်းမျဉ်းများ အားနည်းခြင်းများကြောင့် ဆူဒန်တွင် မိုင်းတွင်း မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး ဆူဒန်နိုင်ငံ၏ ရွှေတူးဖော်ရေးကဏ္ဍတွင် ဆူဒန်နိုင်ငံသား နှစ်သန်းကျော် အလုပ်လုပ်ကိုင်နေကြောင်း ဆူဒန်နိုင်ငံ သတ္တုတွင်းဝန်ကြီးဌာနမှ သိရသည်။ **ဆင်ဟွာ**

## (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ ရုပ်သံထုတ်လွှင့်မှုများ ကမ္ဘောဒီးယား အခမဲ့ဆောင်ရွက်ခွင့်ပြုမည်

**ဖနောင်ပင် မတ် ၃၁**

ကမ္ဘောဒီးယားနိုင်ငံသည် လာမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း) နှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများအတွက် ပြည်တွင်း ပြည်ပ ရုပ်မြင်သံကြားကွန်ရက်များကို အခမဲ့တိုက်ရိုက်ထုတ်လွှင့် ခွင့်ပြုပေးမည်ဖြစ်သည်။

အစိုးရက ဆီးဂိမ်းပြိုင်ပွဲ ရုပ်သံထုတ်လွှင့်ခွင့်အတွက် ပြည်တွင်းပြည်ပ ရုပ်မြင်သံကြားအစီအစဉ်များထံမှ အခကြေးငွေမယူရန် ဆုံးဖြတ်ခဲ့ကြောင်း ကမ္ဘောဒီးယားဆီးဂိမ်းကျင်းပရေးကော်မတီ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆီးဂိမ်းပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲအပါအဝင် ပြိုင်ပွဲအခမ်းအနားအားလုံးကို အစိုးရက ဝင်ကြေးအခမဲ့ဖြင့် ကြည့်ရှုခွင့်ပြုပေးမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၆၄ နှစ်တာကာလအတွင်း ဆီးဂိမ်းပြိုင်ပွဲကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို လာမည့် မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြို့တော်ဖနောင်ပင်၏ မြောက်ဘက် ဆင်ခြေဖုံးရှိ မိုရိုဒေ့ါတဲ့ချိုအမျိုးသားအားကစားကွင်း၌ တရားဝင်ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများနှင့် ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၇ မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ပြီး (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဇွန် ၃ ရက်မှ ၉ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

## အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**ဝါရှင်တန် မတ် ၃၁**

အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ် မန်ဖီးလ်ရှိ စားသောက်ဆိုင်တစ်ဆိုင်အပြင်ဘက်တွင် သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က မတ် ၃၁ ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါပစ်ခတ်မှုသည် မတ် ၃၀ ရက်ညပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာနေရာတွင် လူတစ်ဦးသေဆုံးခဲ့ကြောင်းနှင့် တခြားသူတစ်ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ရာ နောက်ပိုင်းတွင်သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

သေနတ်ဒဏ်ရာများဖြင့် နောက်ထပ်အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့ကိုလည်း ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ၂၀၂၃ ခုနှစ် ယခုအချိန်အထိ အမေရိကန်ပြည်ထောင်စုတွင် သေနတ်ပစ်ခတ်မှုပေါင်း ၁၃၁ မှုရှိပြီဖြစ်ကြောင်း လက်နက်ကိုင်အကြမ်းဖက်မှတ်တမ်းမှတ်ရာများအရ သိရသည်။

သေနတ်ကိုင်အကြမ်းဖက်မှုများကြောင့် လွန်ခဲ့သောသုံးလကျော်ကာလအတွင်း လူပေါင်း ၁၀၂၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။

ယခုသီတင်းပတ်အစောပိုင်းကလည်း ခြောက်ဦးသေဆုံးခဲ့သော လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုတစ်ခု တင်နက်ဆီပြည်နယ် နက်ရှ်ဗီလီရှိ မူလတန်းကျောင်းတစ်ကျောင်း၌ ဖြစ်ပွားခဲ့သေးသည်။ **ဆင်ဟွာ**

## ထိုင်းနိုင်ငံ မြို့တော်ဘန်ကောက်မှ မိုင် ၆၀ အကွာတွင် တောမီးများလောင်

**နခွန်နာရွတ် မတ် ၃၁**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ မိုင် ၆၀ အကွာတွင် မတ် ၃၁ ရက်က တောမီးလောင်နေသောကြောင့် မီးသတ်သမားများနှင့် စစ်သည် ရာပေါင်းများစွာတို့က တောမီးကို ထိန်းချုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

မြို့တော်ဘန်ကောက်၏ အရှေ့မြောက်ဘက်ရှိ နခွန်နာရွတ်ခရိုင်ရှိ တောင်ကုန်းသုံးခုတွင် တောမီးလောင်နေမှုကြောင့် အနည်းဆုံး သစ်တောမြေ စတုရန်းမီတာ ရှစ်သိန်း (ဧက ၂၀၀) ထိခိုက်ခဲ့ပြီး ခရိုင် နှစ်ခုကိုလည်း အရေးပေါ်ဇုန်အဖြစ် ကြေညာထားသည်။



ထိုင်းနိုင်ငံမြောက်ပိုင်းရှိ မြို့ကြီးအချို့တွင် ယခုသီတင်းပတ်အတွင်း လေထုညစ်ညမ်းမှုနှင့် မီးခိုးငွေ့ အန္တရာယ်အရှိဆုံးမြို့များအဖြစ်သို့ ရောက်ရှိနေချိန်တွင် ယခုကဲ့သို့ တောမီးလောင်မှုများ ထပ်မံဖြစ်ပွားခဲ့ခြင်းလည်း ဖြစ်သည်။

ထိုင်းနိုင်ငံ၌ ယခုနှစ်အစောပိုင်းမှစတင်၍ လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကြောင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ ၁ ဒသမ ၇ သန်းကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။ **အေအက်ဖ်ပီ**

## မြစ်ကြီးနားမြို့နယ်အတွင်းရှိ တပ်ကုန်းနှင့် နန်းကွေ့ IDPs စခန်းများမှ မူလနေရပ်ကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့

မြစ်ကြီးနား မတ် ၃၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူ များ ယာယီခိုလှုံရာစခန်းများဖြစ်သည့် တပ်ကုန်းနှင့် နန်းကွေ့စိန်ယောဟန် IDPs စခန်းများမှ အိမ်ထောင်စုများသည် ၎င်းတို့၏ မူလနေရပ်ကျေးရွာများသို့ ပြန်လည်ပြောင်းရွှေ့အခြေချနေထိုင်ကြ မည်ဖြစ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက် ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ အဆိုပါ အိမ်ထောင်စုများအား မတ် ၃၁ ရက် နံနက် ၇ နာရီခွဲက တပ်ကုန်းနှစ်ခြင်း IDPs စခန်း၌ သွားရောက်တွေ့ဆုံအား ပေးထောက်ပံ့သည်။

ရှေးဦးစွာ မူလနေရပ်ကျေးရွာများသို့ ပြန်လည်အခြေချနေထိုင်ကြမည့် IDPs စခန်း နှစ်ခုမှ အိမ်ထောင်စုများ၊ စခန်း တာဝန်ခံများနှင့် တွေ့ဆုံပြီး ပြည်နယ် ဝန်ကြီးချုပ်က ယနေ့ နေရပ်ကျေးရွာ များသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြ မည့် မိသားစုများအတွက် ထောက်ပံ့ ပေးအပ်ခြင်းဖြစ်သည့်အပြင် နေရပ် ကျေးရွာများတွင်လည်း မိမိတို့အနေဖြင့် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖြည့်ဆည်းပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း အားပေးပြောကြား သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာန၊ ပြည်နယ်ဦးစီးမှူးတို့က တပ်ကုန်း နှစ်ခြင်း IDPs စခန်းမှ ၎င်းတို့၏နေရပ် ဝိုင်းမော်မြို့နယ် ကဇူးယန်ကျေးရွာ၊ ဂါးရာ ယန်ကျေးရွာနှင့် ဒဘတ်ယန်ကျေးရွာများ တွင် ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စု ၅၈ စုနှင့် နန်းကွေ့စိန်ယော ဟန်စခန်းမှ နေရပ်မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာအုပ်စုသို့ ပြန်လည် ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စု ကိုးစု စုစုပေါင်း အိမ်ထောင်စု ၆၇ စု တို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ တစ်အိမ်ထောင်လျှင် ဆန် တစ်အိတ်၊ ဆီ တစ်ပိဿာ၊ ငွေကျပ် တစ်သိန်းစီတို့ဖြင့် စုစုပေါင်းပစ္စည်းနှင့် ငွေသားတန်ဖိုးကျပ် ၁၂၆၁၀၀၀၀ နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုးငွေ၊ ပြောင်းရွှေ့စရိတ်နှင့် ကယ်ဆယ်ရေး ပစ္စည်း ၁၇ မျိုးပါဝင်သည့် ပစ္စည်းပုံးများ ဖြင့် စုစုပေါင်းပစ္စည်းနှင့် ငွေသားတန်ဖိုး ကျပ် ၁၂၇၀၂၄၀ ကို ထောက်ပံ့ပေးအပ် ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အိမ်ထောင်စုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ကလေးငယ်များ အတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ သည်။



ပြည်နယ်(ပြန်/ဆက်)



## လယ်ဝေးမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲဆက်လက်ကျင်းပ

လယ်ဝေး မတ် ၃၁

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အမှတ်(၃)ရပ်ကွက် တေဇစက္ကီ ဘုန်းတော်ကြီး ကျောင်းတွင် ယနေ့မွန်းလွဲ ၁ နာရီက အစိုးရပါဠိပထမပြန်စာမေးပွဲစတုတ္ထနေ့ ဆက်လက်ကျင်းပသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲ၌ ပထမကြီးတန်းတွင် စာဖြေသံဃာနှင့် သီလရှင် ၃၃ ပါး၊ ပထမလတ်တန်းတွင် ၁၈ ပါး၊ ပထမငယ်တန်းတွင် ၁၁၈ ပါး၊ အခြေပြု မူလတန်းတွင် ၁၃၂ ပါး စုစုပေါင်း ၃၀၁ ပါး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲကျင်းပရာသို့ ကြီးကြပ်ဆရာတော်များ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင်များ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးလျက်ရှိပြီး အလှူရှင်များက နေ့စဉ် ဆွမ်းနှင့် အအေးများ ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထိုက်ထိုက်(ပြန်/ဆက်)

## “ဝ”အထူးဒေသတော်ပိုင်းတိုင်းရင်းသားများကို အခမဲ့သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်ပေး

နေပြည်တော် မတ် ၃၁

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော် မှချမှတ်ထားသော လူမှုရေးဦးတည်ချက် တစ်ရပ်ဖြစ်သည့် နိုင်ငံတော်အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာ အောင် တည်ဆောက်၍ တစ်မျိုးသား လုံး သက်ရှည်ကျန်းမာသည့် ကျန်းမာ ရေးစနစ် ဖြစ်ပေါ်လာရေးအတွက် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှုရရှိစေပြီး မြို့ပြနှင့် ကျေးလက်တို့တွင် ကျန်းမာရေး စောင့်ရှောက်မှု သာတူညီမျှရရှိစေရေးတို့ အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက် လျက်ရှိရာ နယ်စပ်ဒေသရှိ တိုင်းရင်းသား လူမျိုးများ၏ ကျန်းမာရေးမြင့်တင် တိုးတက်စေရေးအတွက် ကွင်းဆင်း ဆေးကုသခြင်းများကို အထူးအလေး ထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကျန်းမာ ရေးဝန်ကြီးဌာနသည် တြိဂံတိုင်းစစ်ဌာန ချုပ် နှင့် ပူးပေါင်း၍ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမြင့် ဦးဆောင်သော နယ်လှည့် ကွင်းဆင်း ဆေးကုသရေးအဖွဲ့သည် “ဝ” အထူးဒေသတော်ပိုင်းရှိ တိုင်းရင်းသား များအား အခမဲ့သွားနှင့် ခံတွင်းကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများကို မတ် ၁၆ ရက်မှ ၂၉ ရက်အထိ ဆောင်ရွက် ပေးသည်။

**ကျန်းမာရေးအသိပညာပေး**

ကုသရေးအဖွဲ့သည် မိုင်းဆတ်မြို့နယ် အတွင်းရှိ မိုင်းကန်ကျေးရွာနှင့် ဆီဟုတ် ကျေးရွာ၊ ပုံပါကျင်မြို့ရှိ ဟွေအောကျေးရွာ တို့တွင် ကလေးသူငယ် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများကို သွားနှင့် ခံတွင်းကျန်းမာရေး အသိပညာပေးခြင်း နှင့် စနစ်မှန်သွားတိုက်နည်းစနစ်တို့ကို လက်တွေ့သရုပ်ပြပြီး အတူတကွ သွားတိုက်ခြင်း၊ သွားရောဂါများကို စစ်ဆေးကုသခြင်းနှင့် သက်ကြီးရွယ်အို များ သွားတုတပ်ဆင်ပေးခြင်း၊ နှုတ်ခမ်း ကွဲလူနာများ ခွဲစိတ်ကုသပေးခြင်းတို့ကို ဆောင်ရွက်သည်။

**အခမဲ့ကုသပေး**

အဆိုပါခရီးစဉ်တွင် သွားနှင့် ခံတွင်း ရောဂါ ခံစားနေရသောလူနာ ၁၁၅၈ ဦးကို လိုအပ်သော ကုသမှုများပေးခဲ့ပြီး သွားတု လူနာ ၁၀၀ နှင့် နှုတ်ခမ်းကွဲလူနာ သုံးဦး တို့ကို အခမဲ့ကုသပေးသည်။ အဆိုပါ ဆေးကုသရေးအဖွဲ့တွင် ကုသရေးဦးစီး ဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တို့မှ သွားနှင့်ခံတွင်းဆရာဝန်များနှင့် အထောက်အကူပြု ဝန်ထမ်းငယ်များ၊ ပြင်ပ သွားနှင့်ခံတွင်းဆရာဝန်များ၊ သွားတုကျွမ်းကျင်သူများနှင့် လုပ်အားပေး အဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မမဟိန္ဒီ လေးထပ်ကျောင်းဆောင်၌ အစိုးရပါဠိပထမပြန်စာမေးပွဲကျင်းပ

မဟာအောင်မြေ မတ် ၃၁

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မမဟိန္ဒီ လေးထပ် ကျောင်းဆောင်၌ ယနေ့မွန်းတည့်က မြို့နယ်သံဃနာယက ဆရာတော်ကြီးများ ကြီးကြပ်မှုဖြင့် ပါဠိပထမပြန်စာမေးပွဲကို ဆက်လက်ကျင်းပသည်။

စာမေးပွဲဖြေဆိုရာတွင် မြို့နယ်အတွင်းရှိစာသင်တိုက်များမှ ပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်းတွင် စာရင်းရှိ ၃၄၈ ပါး၊ ဖြေဆိုသံဃာတော် ၂၇၂ ပါး၊သီလရှင် လေးပါး၊ လူ တစ်ဦး စုစုပေါင်း ၂၇၇ ပါး/ဦး၊ ပထမလတ်တန်းတွင် စာရင်းရှိ ၃၂၀ ဖြေဆိုသံဃာ တော် အပါး ၂၄၀၊ သီလရှင် နှစ်ပါး၊ လူ တစ်ဦး စုစုပေါင်း ၂၄၃ ၊ ပထမငယ်တန်းတွင် စာရင်းရှိ ၂၃၄ ဖြေဆိုသံဃာတော် ၂၂၉ ပါး၊ သီလရှင် ငါးပါး စုစုပေါင်း ၂၃၄၊ အခြေပြု မူလတန်းတွင် စာရင်းရှိ ၂၇၄ ဖြေဆိုသံဃာတော် အပါး ၂၇၀၊ သီလရှင် လေးပါး စုစုပေါင်း ၂၇၄ ပါး ဝင်ရောက်ဖြေဆိုကြသည်။

မဟာအောင်မြေမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲများကို ပရိယတ္တိသာသနာ ထွန်းကားပြန့်ပွားစေရန်ရည်ရွယ်၍ နှစ်စဉ်ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ကြောင်း၊ ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရွှေတိုး**

## အခြေခံပညာမူလတန်းအဆင့် (မြို့နယ်အဆင့်) ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အခြေခံပညာဦးစီးဌာန က ကြီးမှူး၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ မူလတန်းအဆင့် (မြို့နယ် အဆင့်) ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေး ပွဲကို ပျဉ်းမနားမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ပိုင်းက နေပြည်တော် ပညာရေးမှူး ဦးအောင်ဆွေဦးက ဆွေးနွေးပွဲသို့ တက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် နေပြည်တော် ပညာရေးမှူးက ဆရာမများ သင်ကြားရ မည့် ဘာသာရပ်များကို ကျွမ်းကျင် ပိုင်နိုင်စွာ သင်ကြားပို့ချနိုင်စေရေး၊ သင်ကြားရေး အရည်အသွေးမြင့်မား လာစေရေးနှင့် ထိရောက်စွာ ပြန်လည် သင်ကြားပို့ချနိုင်စေရေးနှင့် အခြေခံပညာ ကဏ္ဍတွင် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများ ပေါ်ထွန်းလာစေရေး၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ များအနေဖြင့်လည်း ပို့ချဆွေးနွေးချက် များကို စိတ်ပါဝင်စားစွာလေ့လာဆွေးနွေး ပေးကြစေလိုကြောင်းနှင့် မိမိတို့၏ အရည် အသွေးများ ပြည့်ဝအောင် အစဉ်ကြိုးစား နေကြရမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲ လာသည့် စနစ်သစ်အား အောင်မြင်စွာ ဖြတ်ကျော်နိုင်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံတော်ကြီး ဖြစ်အောင် အားလုံးပူးပေါင်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ပညာရေး မှူးနှင့် တာဝန်ရှိသူများက စွမ်းရည်မြှင့် သင်တန်းပို့ချနေမှုများနှင့် ၂၀၂၃-၂၀၂၄ ပညာ သင်နှစ်တွင် ဖွင့်လှစ်မည့် စက်မှုစိုက်ပျိုး မွေးမြူရေး အထက်တန်းကျောင်းဆောင် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး သည်။



ဆွေးနွေးပွဲကို မတ် ၂၈ ရက်မှ ၃၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး သင်တန်းနည်းပြ ဆရာ ဆရာမ ၂၃ ဦးနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၆၇၉ ဦး တက်ရောက်လျက်ရှိသည်။

မျိုးသီဟ(ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်းရှိ

**(၃၁-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၆၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၇၇,၅၉၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၈၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၅၅၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၄-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၄၆ | ၂၁၁၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၄၀ | ၂၂၂၀ | ၂၃၁၅ | ၂၃၃၅ | ၂၂၂၅ | ၂၂၄၀ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၆၅ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၅၀ | ၂၃၈၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၇ | ၂၀၇၀ |
| 95 Ron | ၂၀၇၅ | ၂၁၅၀ |
| HSD (500 ppm) | ၁၉၆၁ | ၂၀၂၉ |
| HSD (50 ppm) | ၂၀၃၅ | ၂၁၀၅ |
| HSD (10 ppm) | ၂၀၃၅ | ၂၁၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ၁၉၃၇ ခုနှစ်ဗဟိုစာရင်းရုံးမှသည် ယနေ့ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (၈၆) နှစ်မြောက် နှစ်ပတ်လည်အမှတ်တရမှတ်တိုင်များ

**ရည်ရည်မွန်**

**စတင်သန္ဓေတည်**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကို ၁၉၃၇ ခုနှစ် ဧပြီ ၁ ရက်မှ စတင်သန္ဓေတည်ခဲ့ပြီး ဗဟိုစာရင်းရုံးမှ စာရင်းစစ်ချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံးမှ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖြစ် အောင်မြင်စွာရပ်တည်ဖြတ်သန်းခဲ့ရာ ယခု ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်တွင် ၈၆ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

**ရုံးဖွဲ့စည်းမှုအဆင့်ဆင့်နှင့်ဥပဒေ ပြဋ္ဌာန်းမှုများ**

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ဗြိတိသျှအစိုးရလက်ထက် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ အက်ဥပဒေ ပုဒ်မ ၆၆ အရ ၁၉၃၇ ခုနှစ် ဧပြီ ၁ ရက်မှစ၍ စာရင်းစစ်ချုပ်ကို စတင်ခန့်ထားခဲ့ပြီး ယင်း၏လက်အောက်တွင် စာရင်းစစ်ချုပ်ရုံး၊ ငွေစာရင်းမင်းကြီးရုံး၊ ငွေစာရင်းဝန်ရုံး (ကာကွယ်ရေး)၊ စာတိုက်နှင့် ကြေးနန်းငွေစာရင်းဝန်ရုံးနှင့် ဒေသန္တရအဖွဲ့ ငွေစာရင်းစစ်ဝန်ရုံးတို့ကို စတင်ဖွဲ့စည်းထားခဲ့သည်။ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၂၈ အရ မြန်မာနိုင်ငံစာရင်းစစ်ချုပ်ကို ခန့်ထားခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် စာရင်းစစ်ချုပ်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ စာရင်းစစ်ချုပ်လက်အောက်တွင် ဗြိတိသျှအစိုးရလက်ထက်က ရုံးများအပြင် နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများကို စစ်ဆေးရန် ၁၉၅၅ ခုနှစ် အောက်တိုဘာ ၄ ရက်မှာ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ညွှန်ကြားရေးဝန်ရုံးကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင်လည်း စာရင်းစစ်ဌာနဖွဲ့စည်းမှုကို ယခင်အတိုင်းထားရှိခဲ့သည်။

**မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကာလ**

၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၅၅ အရ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥပဒေကိုပြဋ္ဌာန်းပြီး ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို ပြည်သူ့လွှတ်တော်က ရွေးချယ်တင်မြှောက်ဖွဲ့စည်းကာ ပြည်နယ်/တိုင်းနှင့် မြို့နယ်များတွင်လည်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၄ ခုနှစ် ဇန်နဝါရီလမှစ၍ စာရင်းစစ်ချုပ်လက်အောက်ရှိ ရုံးများအားလုံး စုပေါင်းကာ ဗဟိုစာရင်းရုံးအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ပြည်နယ်/တိုင်းနှင့်မြို့နယ်များတွင်လည်း စာရင်းရုံးများကိုအသစ်ဖွဲ့စည်းခဲ့သည်။ ယခင်က စာရင်းစစ်ချုပ်၏ တာဝန်ဖြစ်သည့် အစိုးရအသုံးစရိတ်များအတွက် စာရင်းပြုစုရန်တာဝန်ကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးသို့ လွှဲပြောင်းပေးအပ်ပြီး ကာကွယ်ရေးငွေစာရင်းဝန်ရုံးကို ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်သို့ ၁၉၇၂-၇၃ ဘဏ္ဍာနှစ်ကုန်တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။



ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံးနှင့် ဗဟိုစာရင်းရုံး (ရန်ကုန်မြို့)။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်)။

၁၉၈၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ်၊ ၇/၈၈ ဖြင့် စာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့ကို ခန့်အပ်ခဲ့ပြီး စက်တင်ဘာ ၂၈ ရက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၈၈ ဖြင့် စာရင်းစစ်ချုပ်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

**၂၀၀၈ ခုနှစ်ကာလနောက်ပိုင်း**

၂၀၁၀ ပြည့်နှစ်တွင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်တို့တွင် ပြင်ဆင်/ ဖြည့်စွက်မှုများ ပြုလုပ်ခဲ့သည်။

**ခေတ်အဆက်ဆက် စာရင်းစစ်ချုပ်များ**

ခေတ်အဆက်ဆက် ဦးဆောင်ဦးရွက်ပြု တာဝန်ထမ်းဆောင်ခဲ့ကြသည့် စာရင်းစစ်ချုပ်များမှာ ၁၉၄၈ မှ ၁၉၆၈ အထိ ဦးစံလွင်၊ ၁၉၆၈ မှ ၁၉၈၆ အထိ စည်သူ ဦးစန်းမောင်၊ ၁၉၈၆ မှ ၁၉၈၈ အထိ သီရိပျံချီ ဦးအုံးတင်၊ ၁၉၈၈ မှ ၁၉၉၄ အထိ ဦးခင်ဇော်၊ ၁၉၉၄ မှ ၁၉၉၈ အထိ ဦးအောင်ခင်တင့်၊ ၁၉၉၈ မှ ၂၀၀၃ အထိ ဗိုလ်မှူးချုပ်တင်အေး၊ ၂၀၀၃ မှ ၂၀၁၂ ဩဂုတ်အထိ သီရိပျံချီ ဦးလွန်းမောင်၊ ၂၀၁၂ စက်တင်ဘာမှ ၂၀၁၅ မေအထိ သရေစည်သူ ဦးသိန်းထိုက်၊ ၂၀၁၆ ဇန်နဝါရီမှ မတ်အထိ သီရိပျံချီ ဦးမျိုးမြင့်၊ ၂၀၁၆ ဧပြီမှ ၂၀၂၁ ဇန်နဝါရီအထိ သီရိပျံချီ ဦးမော်သန်း၊ ၂၀၂၁ ဖေဖော်ဝါရီမှ ၂၀၂၂ ဩဂုတ်အထိ သီရိပျံချီ ဒေါက်တာကံဇော်တို့ ဖြစ်ကြသည်။ ယခုအချိန်တွင် သီရိပျံချီ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဦးက ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ဥပဒေနှင့်အညီ လုပ်ငန်းများဆောင်ရွက်**

သတ်မှတ်ပြဋ္ဌာန်းခဲ့သည့် ဥပဒေများအရ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အဓိက တာဝန်မှာ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေစာရင်းများကိုသာ စစ်ဆေးရန်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ပြင်ဆင်ခဲ့သည့် ဥပဒေအရ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဝန်ထမ်းဖွဲ့စည်းပုံ၊ စာရင်းထားသိုပုံ၊ စီမံကိန်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ ပစ္စည်းပိုင်း၊ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကြွေးမြီ၊ အပ်ငွေ၊ ယာယီစာရင်းများ၊ အခြားငွေရေးကြေးရေးစာရင်းများ၊ စာချုပ်များ၊ ဖက်စပ်လုပ်ငန်းများ၊ ချေးယူငွေများ၊ ထုတ်ချေးငွေများ၊ ရရန်ရှိနှင့်ပေးရန်ရှိ ငွေနှင့်ပစ္စည်းတို့ကိုပါ စစ်ဆေးရန် တာဝန်ရှိလာပါသည်။ လက်ရှိတွင် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်းနှင့် လုပ်ငန်း ဆောင်ရွက်မှုစစ်ဆေးခြင်းတို့ကို ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာသို့ အစီရင်ခံတင်ပြလျက်ရှိသည်။

ထိုသို့ စစ်ဆေး၍ အစီရင်ခံစာများထုတ်ပြန်ခြင်းအပေါ် လိုက်နာဆောင်ရွက်ခြင်းဖြင့် ပြည်သူ့ဘဏ္ဍာငွေများတိုးတက်ရရှိစေရေးနှင့် လေလွင့်ပြုန်းတီးမှုလျော့နည်းစေပြီး ထိရောက် အကျိုးရှိစွာသုံးစွဲရေး၊ ပြည်သူ့အကျိုးအတွက် စွမ်းဆောင်ရည်ပြည့်ဝစွာဆောင်ရွက်နိုင်စေရေး၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းလိုက်နာစေရေးတို့တွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

**ခေတ်စနစ်နှင့်အညီ**

စစ်ဆေးရေးစံ၊ စစ်ဆေးရေး နည်းလမ်းများလိုက်နာကျင့်သုံးမှုအနေဖြင့် ယခင်က အများလက်ခံကျင့်သုံးသည့် စစ်ဆေးရေးစံ (Generally Accepted Auditing Standards–GAASs)ကို ကျင့်သုံးခဲ့သော်လည်း ပြောင်းလဲလာသောခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် နိုင်ငံတကာစာရင်းစစ်စံများကိုအခြေခံသည့် ခေတ်စနစ်နှင့် ကိုက်ညီသော စစ်ဆေးရေးပညာရပ်များ၊ စစ်ဆေးရေးနည်းလမ်း၊ ချဉ်းကပ်မှုပုံစံနှင့် အစီရင်ခံမှုပုံစံများဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးတာဝန်ခံသော စစ်ဆေးရေးလုပ်ငန်းစဉ်များဖြစ်စေရေးနှင့် ထုတ်ပြန်ခဲ့သော အစီရင်ခံစာများသည်အရည်အသွေးပြည့်ဝကောင်းမွန်သောအစီရင်ခံစာများ (Quality Audit Reports) ဖြစ်ကြောင်း ခိုင်လုံသေချာစေရေးအတွက် စစ်ဆေးရေးလုပ်ငန်း၏ အရည်အသွေးပြည့်ဝမှန်ကန်မှု စိစစ်သုံးသပ်ခြင်း (Quality Assurance Review)ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်း**

ဌာန၊ အဖွဲ့အစည်းများ၏ ကွန်ပျူတာစနစ်ဖြင့် ပြုစု ထိန်းသိမ်းထားသော အချက်အလက်များအား IT Audit စစ်ဆေးခြင်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် Pilot အနေဖြင့် စတင်ခဲ့ပြီး လက်ရှိတွင် ပုံမှန်စစ်ဆေးခြင်းများဖြင့် ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ လုပ်ငန်းအစီအစဉ်ပြင်ဆင်ရေးဆွဲခြင်းအဆင့်မှ လုပ်ငန်းပြီးစီးအပ်နှံခြင်းအဆင့်ထိ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်း (Real Time Audit) ကို စတင်ခဲ့ပြီး စစ်ဆေးရေးစီမံချက်နှင့်အညီ သုံးလပတ်အလိုက် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး၊ နှောင့်နှေးကြန့်ကြာမှုများလျော့နည်းစေရေး၊ ခွင့်ပြုရန်ပုံငွေများအား စွမ်းဆောင်ရည်ပြည့်ဝစွာနှင့် ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲသုံးစွဲစေရေးတို့အတွက် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

စစ်ဆေးရေးလုပ်ငန်းများအပြင် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံပိုင် မြေ၊ အဆောက်အအုံ၊ သံယံဇာတများကို ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီများနှင့် ပြည်သူ့အကျိုးစီးပွား ဦးတည်ချက်ဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်မှု၊ စာရင်းမှပယ်ဖျက်မှု၊ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှု၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သဘောထားတောင်းခံလာမှုများအပေါ် သက်ဆိုင်ရာအထောက်အထားများဖြင့် စိစစ်သုံးသပ်ခြင်း၊ အကြံပြုခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ စာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များတွင် ဥပဒေစည်းမျဉ်းများ၊ စာရင်းစံများနှင့်အညီ စနစ်တကျ ဖြစ်စေရေးအတွက် အထောက်အကူပြုနိုင်မှုပင် ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

❒ **စစ်ဆေးရေးစံ၊ စစ်ဆေးရေးနည်းလမ်းများ လိုက်နာကျင့်သုံးမှုအနေဖြင့် ယခင်က အများလက်ခံကျင့်သုံးသည့် စစ်ဆေးရေးစံ** (Generally Accepted Auditing Standards-GAASs) **ကို ကျင့်သုံးခဲ့သော်လည်း ပြောင်းလဲလာသော ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် နိုင်ငံတကာစာရင်းစစ်စံများကို အခြေခံသည့် ခေတ်စနစ်နှင့် ကိုက်ညီသော စစ်ဆေးရေးပညာရပ်များ၊ စစ်ဆေးရေးနည်းလမ်း၊ ချဉ်းကပ်မှုပုံစံနှင့် အစီရင်ခံမှုပုံစံများဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိ**

# ယာယီတိုက်ပွဲရှောင်ပြည်သူများအား ရှမ်းပြည်နယ်အစိုးရက အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ပင်လောင်း မတ် ၃၁**

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်မှ ယာယီတိုက်ပွဲရှောင် ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့က အခြေခံ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို မတ် ၃၀ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ယာယီတိုက်ပွဲရှောင် ပြည်သူများကို ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် ဖြေရှင်းပေးရမည့်ကိစ္စရပ်များကို ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ပေးအပ်ရာ ပြည်သူများက လက်ခံယူသည်။

အဆိုပါ ယာယီတိုက်ပွဲရှောင် ပြည်သူများအတွက် လိုအပ်သောစောင်၊ ဖျာနှင့် သောက်သုံးရေ လိုအပ်ချက်များအတွက် ငွေကျပ်သိန်း ၅၀ ကိုလည်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့က ထောက်ပံ့ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ စတုတ္ထနေ့ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၃၁**

နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ဘောလုံးသမားများမှသည် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပပေးလျက်ရှိသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ စတုတ္ထနေ့ အုပ်စုပတ်လည် ဘောလုံးပြိုင်ပွဲများကို ယနေ့တွင် ဆက်လက် ကျင်းပသည်။

နံနက်ပိုင်း ယှဉ်ပြိုင်မှုတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအမှတ် ၃ ၌ အုပ်စု(၁) ကွန်ပျူတာ တက္ကသိုလ် (အထက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(က) မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ၊ ဗန်းမော်)နှင့် အသင်း (ခ) ကွန်ပျူတာတက္ကသိုလ် (မန္တလေး၊ လားရှိုး၊ တောင်ကြီး)များမှကျောင်းသားအားကစားသမားများ ယှဉ်ပြိုင်ကစားကြရာ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ ယင်းပွဲစဉ်တွင် အသင်း(က)နှင့် အသင်း(ခ)တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ နှင့်အတူ ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အမှတ် ၁ သို့ ရောက်ရှိပြီး အုပ်စု (၃) နည်းပညာ တက္ကသိုလ်(အထက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(က) (မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား၊ ဗန်းမော်၊ မကွေး ပခုက္ကူ) နှင့် အသင်း(ဂ) နည်းပညာတက္ကသိုလ် (မန္တလေး၊ ရတနာပုံဆိုက်ဘာစီးတီး၊ ကလေး၊ မုံရွာ၊ စစ်ကိုင်း) များမှ ကျောင်းသားအားကစားသမားများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းပွဲစဉ်တွင် အသင်း(က)က အသင်း(ဂ) ကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစား ကွင်းအမှတ် ၃ သို့ရောက်ရှိပြီး အုပ်စု (၃) နည်းပညာ တက္ကသိုလ် (အထက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(ဃ) နေပြည်တော်နည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မိတ္ထီလာ၊ ရမည်းသင်း) နှင့် အသင်း(ခ) နည်းပညာတက္ကသိုလ် (ကျောက်ဆည်၊ တောင်ကြီး၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ) တို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲအပြီးတွင် ကျောင်းသား အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းပွဲစဉ်တွင်အသင်း (ဃ) မှ အသင်း(ခ) ကို သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

**လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်**

ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေး၊ အရည်အချင်းများ အစဉ်တိုးတက်နေစေရန် ရာထူးအဆင့်အလိုက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်းများ၊ IT Audit နှင့် အခြားစစ်ဆေးရေးအထောက်အကူပြုသင်တန်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်သင်တန်းများ၊ အင်္ဂလိပ်စာသင်တန်းများကို ဖွင့်လှစ်ပို့ချသင်ကြားပေးလျက်ရှိသည်။

ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ဒေသစာရင်းစစ်ရုံးများအကြား သက်ဆိုင်ရာနယ်ပယ်အလိုက် အတွေ့အကြုံ၊ ဗဟုသုတများမျှဝေပေးသည့် အသိပညာမျှဝေရေးအစီအစဉ်များကို စဉ်ဆက်မပြတ်ကျင်းပခြင်း၊ အခြားဝန်ကြီးဌာနများတွင် ဖွင့်လှစ်သည့်သင်တန်းများ၊ ဒေသတွင်းနိုင်ငံများမှ ကြီးမှူးကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများတွင် တက်ရောက်စေခြင်း၊ ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များတွင် ပညာလေ့လာဆည်းပူးစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရုံးချုပ်တွင်သာမက ဒေသရုံးဝန်ထမ်းများ၏ စစ်ဆေးရေးအရည်အသွေးနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုအရည်အသွေးများ တိုးတက်စေရေး အတွက် တိုင်းဒေသကြီး / ပြည်နယ်များတွင်လည်း IT ဆိုင်ရာသင်တန်းများ၊ အခြေခံအင်္ဂလိပ်စာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အရာထမ်းအဆင့် ဒေသဆိုင်ရာသင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိသည်။ ဝန်ထမ်းများ၏အသိပညာ၊ ဗဟုသုတတိုးပွားပြီး လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် အလေးထားအားပေးမြှင့်တင်ပေးခြင်းပင် ဖြစ်သည်။

ထို့ပြင် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရာတွင် အထောက်အကူဖြစ်စေရန် ဤရုံးနှင့် အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ဝန်ထမ်းများအတွက် နိုင်ငံတကာပြည်သူပိုင်ကဏ္ဍစာရင်းကိုင်စံ IPSAS Part-I သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ စာရင်းပညာပြန့်ပွားစေရေး၊ စာရင်းပညာရှင်၊ စာရင်းကျွမ်းကျင်သူများတိုးပွားစေရေး အတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

**အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း**

စာရင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ၁၉၄၈ ခုနှစ် နိုင်ငံတော်စာရင်းစစ်ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် နေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံတကာစံများနှင့်အညီ ၈-၁၂-၂၀၂၂ ရက်တွင် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ သင်တန်းအမျိုးအစားနှင့် အရေအတွက်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ နည်းပညာအသုံးပြု သင်ကြားရေးစနစ်ကို အသုံးပြုသင်ကြားခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ နိုင်ငံတကာစာရင်းပညာ သင်ကြားမှုသင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းစနစ်များနှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် "နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန" ကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုးချဲ့ဖွဲ့စည်းပေးခဲ့သည်။

**စာရင်းပညာပြန့်ပွားရေးဆောင်ရွက်ပေး**

ပြည်ထောင်စုစာရင်းစစ်ချုပ်သည် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့ကို ကြီးကြပ်ခြင်း၊ လိုအပ်သည့်လမ်းညွှန်မှုပေးခြင်းများကို မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံစာရင်းကောင်စီသည် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ စာရင်းပညာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများအပြင် စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာများအပေါ် လိုက်နာဆောင်ရွက်မှုအားကောင်းစေရေးအတွက်လည်း ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများ၊ ကွင်းဆင်းစစ်ဆေးမှုများ၊ စစ်တမ်းကောက်ခံမှုများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံစာရင်းကောင်စီ၏ နှစ်(၅၀)ပြည့်ရွှေရတု အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုတေးသီချင်း သီကုံးစပ်ဆိုခြင်း၊ အကြိုစာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ ပညာရပ်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ လှုပ်ရှားမှု ဓာတ်ပုံမှတ်တမ်းပြပွဲနှင့် ဆုပေးပွဲ အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍရှိစာရင်းပညာရှင်များ ပူးပေါင်းဆောင်ရွက်နိုင်မှု သမိုင်းမှတ်တိုင်ဖြစ်သည်။

**အဂတိတားဆီးကာကွယ်**

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအနေဖြင့် ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ပြီး ဤရုံးက ချမှတ်ရေးဆွဲထားသည့် လုပ်ငန်းလမ်းညွှန်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များအကြား အစည်းအဝေးများ ကျင်းပခြင်း၊ ဝန်ထမ်းများသို့ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဌာနတွင်းဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန်နှင့် စစ်ဆေးရေးလုပ်ငန်းများကို ဘက်လိုက်မှုမရှိဘဲ အဂတိကင်းရှင်းစေရန်အတွက် ဖြစ်သည်။

**နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEAN Supreme Audit Institutions: ASEANSAI)၊ အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (Asian Organization of Supreme Audit Institutions: ASOSAI)၊ နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများအဖွဲ့ (International Organization of Supreme Audit Institutions : INTOSAI) တို့မှ ကြီးမှူးကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဗဟုသုတမျှဝေမှုအစီအစဉ်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှစ၍ ၂၀၂၁-၂၀၂၃ ခုနှစ်အတွက် ASEANSAI အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် အာဆီယံစာရင်းစစ်ချုပ်ရုံးများအဖွဲ့ အသိပညာမျှဝေရေးအစီအစဉ်အရ ဆေးဝါးဝယ်ယူဖြန့်ဖြူးမှုလုပ်ငန်းစဉ်စစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် မတ် ၃၀ ရက်တွင် အာဆီယံစာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၅) ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကိုလည်းကောင်း ASE-ANSAI စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ ယခုနှစ် နိုဝင်ဘာလတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဒုတိယဥက္ကဋ္ဌဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ စာရင်းစစ်ချုပ်သို့ လွှဲပြောင်းနိုင်ရေးဆောင်ရွက်သွားမည် ဖြစ်သည်။

**နာမည်ဂုဏ်သတင်း ဆက်လက်ထိန်းသိမ်း**

ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရေး၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး၊ ပြည်သူ့ဘဏ္ဍာငွေကြေးထိန်းကျောင်းတည့်မတ်ပေးရေးအတွက် အဓိကတာဝန်ရှိသည်နှင့်အညီ ထိရောက်စွာစစ်ဆေးဖော်ထုတ်၍ ပြည်သူသို့အစီရင်ခံခြင်းဖြင့် ရှင်းလင်းတင်ပြရန် မျှော်မှန်းချက်ကို ရေရှည်ရပ်တည်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ချမှတ်ထားသည့် မဟာဗျူဟာလုပ်ငန်း စီမံချက်(၂၀၂၃-၂၀၂၇) နှင့်အညီ စစ်ဆေးရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ နာမည်ဂုဏ်သတင်းနှင့်ပုံရိပ်တို့ကို ရုံးချုပ်နှင့်ဒေသစာရင်းစစ်ရုံးများရှိ ဝန်ထမ်းများ ညီညွတ်စွာပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ဆက်လက်ထိန်းသိမ်းကြရပါမည်။ နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ပြည်သူ့အကျိုးစီးပွားဦးထိပ်ထား၍ စာရင်းစစ်လုပ်ငန်းတာဝန်များကို ကျင့်ဝတ်များနှင့်အညီ (၈၆) နှစ်မြောက်မှသည် အစဉ်တစိုက် ဆက်လက်ထမ်းဆောင် ရပ်တည်နိုင်ပါစေကြောင်း တိုက်တွန်းနှိုးဆော်ဂုဏ်ပြုအပ်ပါသည်။ ။

# AHF Congress 2023 သို့ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်

**ရန်ကုန် မတ် ၃၁**

၂၀၂၃ ခုနှစ် မတ် ၂၂ ရက်မှ ၂၄ ရက်အထိ ကိုရီးယားနိုင်ငံ Mungyeong မြို့၌ ကျင်းပသော AHF Congress 2023 သို့ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လတ်တို့ တက်ရောက်သည်။



**ရွေးကောက်တင်မြှောက်**

အဆိုပါ ကွန်ဂရက်သို့ အပြည်ပြည်ဆိုင်ရာဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ Dato Tayyab Ikram ၊ အာရှဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ Dato Fumio Ogura နှင့် အာရှဒေသတွင်းရှိ ၄၆ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာရှဟော်ကီ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ကိုရီးယားနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက် စကားများ ပြောကြားသည်။ ယင်းနောက် အာရှဟော်ကီအားကစား လုပ်ငန်းစဉ် အထူးအစီရင်ခံစာ (၂၀၁၉-၂၀၂၂) ကို AHF Executive Board အဖွဲ့က ရှင်းလင်းတင်ပြပြီး AHF Communication Report ၊ AHF Finance Report ၊ AHF Education Report များကိုလည်း သက်ဆိုင်ရာ ကော်မတီများက တင်သွင်းခဲ့ကြသည်။ ထို့ပြင် ဟော်ကီအားကစား ဖွံ့ဖြိုး တိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော နိုင်ငံများနှင့် ပုဂ္ဂိုလ်များကို သက်ဆိုင်ရာ ဆုတံဆိပ်များ ချီးမြှင့်ပေးခဲ့ပြီး AHF Executive Board Member အသစ်များ ရွေးကောက်တင်မြှောက်ကြသည်။ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောလုလုထော်ကို Executive Board Member (4 Years Term)အဖြစ် ရွေးကောက် တာဝန်ပေးအပ်ခဲ့သည်။

**ဟော်ကီတိုးတက်ရေး**

မြန်မာကိုယ်စားလှယ် အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အာရှဟော်ကီ အဖွဲ့ချုပ်ဥက္ကဋ္ဌတို့နှင့် တရင်းတနှီး တွေ့ဆုံခဲ့ကြပြီး အမှတ်တရလက်ဆောင် ပေးအပ်ကာ မြန်မာ့ဟော်ကီအားကစား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာရှဟော်ကီအဖွဲ့ချုပ်က ချီးမြှင့်သော Appreciation for Development Award ကို မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့က လက်ခံရယူသည်။ **ကိုညီလေး၊ ဓာတ်ပုံ-MHF**

# ပါရီအိုလံပစ်ခြေစစ်ပွဲ အုပ်စု (ခ) တွင် မြန်မာနှင့်အီရန် နှစ်သင်းသာကျန်ရှိသဖြင့် နှစ်ကျော့ကစားရမည်

**ရန်ကုန် မတ် ၃၁**

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံး အာရှဇုန်ပထမအဆင့် ခြေစစ်ပွဲ အုပ်စု (ခ) တွင် ပါဝင်နေသည့်အသင်းနှစ်သင်း နုတ်ထွက်ခဲ့သဖြင့် မြန်မာနှင့် အီရန် နှစ်သင်းသာကျန်ရှိတော့ပြီး နှစ်ကျော့ကစားရမည်ဖြစ်သည်။

အိုလံပစ် အာရှဇုန်ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုခုနစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ဧပြီ ၁ ရက်မှ ၁၁ ရက်အတွင်း ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ တီမော၊ ဘူတန်၊ အုပ်စု (ခ) တွင် မြန်မာ၊ အီရန်၊ အုပ်စု (ဂ) တွင် ဗီယက်နမ်၊ နီပေါ၊ အုပ်စု (ဃ) တွင် ထိုင်း၊ မွန်ဂိုလီးယား၊ စင်ကာပူ၊ အုပ်စု (င) တွင် ဖိလစ်ပိုင်၊ ဟောင်ကောင်၊ တာဂျစ်ကစ္စတန်၊ ပါကစ္စတန်၊ အုပ်စု (စ) တွင် တရုတ်(တိုင်ပေ)၊ လက်ဘနွန်၊ အင်ဒိုနီးရှား၊ အုပ်စု (ဆ) တွင် အိန္ဒိယနှင့် ကာဂျစ္စတန်အသင်းတို့ ပါဝင်နေသည်။ အုပ်စု (ခ) တွင် ယခင်က မြန်မာ၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်နှင့် မော်လ်ဒိုက်တို့ လေးသင်းပါဝင်သော်လည်း ဘင်္ဂလားဒေ့ရှ်နှင့် မော်လ်ဒိုက်အသင်း နုတ်ထွက်သွားသဖြင့် နှစ်သင်းသာ ကျန်ရှိတော့ခြင်းဖြစ်သည်။ ထို့ကြောင့် အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ နှစ်သင်းသာကျန်ရှိသည့် အုပ်စုများကို နှစ်ကျော့ကစားစေခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းနှင့် အီရန်အသင်းတို့၏ ပထမအကျော့ကို ဧပြီ ၅ ရက်၊ ဒုတိယအကျော့ကို ဧပြီ ၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နှစ်ပွဲစလုံးကို ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ **ရဲရင့်လွင်**

# နွားထိုးကြီး - မြင်းခြံသွား ကားလမ်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် လျှော်ဖြူကျေးရွာ၏ အနောက်မြောက်ဘက် မိုင် ၈၀၀ ခန့်အကွာ နွားထိုးကြီး-မြင်းခြံသွား ကားလမ်းဝဲဘက် ၁၅ ပေခန့်အကွာ၌ ယနေ့ညနေ ၃ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်အဝေးထိန်း မိုင်းတစ်လုံး ဖောက်ခွဲခဲ့မှုကြောင့် အပြစ်မဲ့ ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။



PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်အဝေးထိန်းမိုင်း ထိမှန်သည့်မော်တော်ယာဉ်။

ဖြစ်စဉ်မှာ နွားထိုးကြီးမြို့နယ် ဝက်လူးကျေးရွာ၌ ဘုန်းကြီးကျောင်းဓမ္မာရုံ ရေစက်ချပွဲမှ မင်းဘူးမြို့သို့ ပြန်လည်မောင်းနှင်လာသော ဂီတစက်ဝိုင်း တေးဂီတအဖွဲ့သား ၁၀ ဦး လိုက်ပါလာသည့် Super Custom အမျိုးအစား မော်တော်ယာဉ်သည် လျှော်ဖြူကျေးရွာ၏အနောက်မြောက်ဘက် မိုင် ၈၀၀ ခန့်အကွာသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်အဝေးထိန်းမိုင်း တစ်လုံး ပေါက်ကွဲခဲ့သဖြင့် မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် မင်းဘူးမြို့ အမှတ် (၁) ရပ်ကွက်နေ ဒေါ်ခွန်ဇင်ဇင်ထွန်းတွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့်ဒဏ်ရာရရှိသူများကို နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အလေးမအားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၃၁**

၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာမှ အလေးမအားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဆီးဂိမ်းအတွက် အလေးမခြောက်ဦး ရွေးထားတယ်။ အမျိုးသားနှစ်ဦး၊ အမျိုးသမီး လေးဦး ပဏာမလက်ရွေးစင်ရွေးချယ်ထားတယ်။ ခြောက်ဦးလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင်လို့ ကြိုးစားထားတယ်။ အိမ်ရှင်က အလေးမကို အမျိုးသား၊ အမျိုးသမီး ခုနစ်တန်းစီမှာ ခြောက်တန်းစီ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိတယ်။ ဒါကြောင့် အိမ်ရှင်က အတန်း ၁၄ တန်းကို ခြောက်တန်းစီ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါတယ်" ဟု မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်အတွင်းရေးမှူး ဦးသီဟန်က ပြောသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီး ၄၅၊ ၄၉၊ ၅၉၊ ၇၁ ကီလိုတန်းများ၊ အမျိုးသား ၇၃၊ +၈၉ ကီလိုတန်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လျာထားကြောင်း အတွင်းရေးမှူးက ပြောသည်။

မြန်မာအလေးမ ပဏာမ လက်ရွေးစင်အားကစားများသည် ၂၀၂၂ ခုနှစ် ဇူလိုင်မှ စခန်းသွင်းထားပြီး တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ်တစ်နေ့ နှစ်ကြိမ် နေပြည်တော် ဂိုလ်ကန့်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။ အလေးမအားကစားနည်းသည် ၁၉၉၉ ဘရူနိုင်းဆီးဂိမ်းနှင့် ၂၀၁၅ စင်ကာပူဆီးဂိမ်း ထည့်သွင်းမကျင်းပသည်မှလွဲ၍ ပထမအကြိမ်ကျွန်းဆွယ်အားကစားမှ (၃၁) ကြိမ်မြောက် ဆီးဂိမ်းအထိဆုတံဆိပ် မလွတ်သေးကြောင်းသိရသည်။ **အာကာစိုး**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပမ္မတီးရပ်ကွက်နေ အောင်သူစိုးသည် ၎င်းအသုံးပြုသည့် "Aung Thu Soe" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက်နေ သန့်ဇင်(ခ) အငယ်လေးသည် ၎င်းအသုံးပြုသည့် "Thant Zin" Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၇)ရပ်ကွက်နေ အောင်ကျော်မင်း (ခ) အာကာသည် ၎င်းအသုံးပြုသည့် "Arkar" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် သင်္ကြန်ယိမ်းအဖွဲ့များ ရိုက်ကူးရေးဆောင်ရွက်

**နေပြည်တော် မတ် ၃၁**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့်လည်း **"ခါသင်္ကြန်အဆိုအက"** အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့်ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေးဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အလုပ်သမားဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် သင်္ကြန်တေးသီချင်းများဖြစ်သည့် **"ပိတောက်လက်ဆောင်နှင့် သင်္ကြန်မိုး"** တေးသီချင်းများဖြင့်လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ သင်္ကြန်ယိမ်းအဖွဲ့များသည် **"နွေမ"** တေးသီချင်းဖြင့်လည်းကောင်း ရိုက်ကူးရေးဆောင်ရွက်ကြသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်နှင့် စက်ပစ္စည်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ် ခင်းကျင်းပြသထားမှုများ၊ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တူရိယာများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းတွင် မဟာသင်္ကြန်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်နှင့် ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန်အတွက် သင်္ကြန်မဏ္ဍပ်များ တည်ဆောက်လျက်ရှိကြရာ နေပြည်တော်တွင် မြို့တော်ဝန်မဏ္ဍပ်အပြင် လမ်းလျှောက်သင်္ကြန်ကိုလည်း စီမံဆောင်ရွက်လျက်ရှိသည်။

မြန်မာတို့၏ ရိုးရာသင်္ကြန်ကို ပေါ်လွင်အောင် ဆင်နွှဲရင်း ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကာ စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင် ဖြစ်စေရန်နှင့် အဆင့်မီသောသင်္ကြန်တစ်ခုဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတွင် အဆိုပါ လမ်းလျှောက်သင်္ကြန်ကို တိုင်းရင်းသားသင်္ကြန်၊ လူငယ် Game သင်္ကြန်၊ သနပ်ခါးသင်္ကြန် စသည်ဖြင့် ကလေး၊ လူငယ်၊ လူကြီးများအားလုံး ပျော်ရွှင်စေမည့် ကဏ္ဍများစွာ ထည့်သွင်းထားသည့်အပြင် ဝန်ကြီးဌာနမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များ ပူးပေါင်းပါဝင်မှုဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ မဟာသင်္ကြန် ပွဲတော်ကာလအတွင်း သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေရန်နှင့် ပြိုင်ပွဲဝင်နိုင်ရန်အတွက် ဌာနဆိုင်ရာ သင်္ကြန်ယိမ်းအဖွဲ့ မတ်လ ဒုတိယပတ်မှစတင်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ အကတိုက်လေ့ကျင့်မှုကို တွေ့ရစဉ်။

ခရိုင်(ပြန်/ဆက်)

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီပြောင်းလဲတပ်ဆင်ကြရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်ချက်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး (၃၁-၃-၂၀၂၃) ရက်နေ့အပြီး ဖောင်းကြွနံပါတ်ပြား ပုံစံအသစ်ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံး အဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတ်မှတ်ကာလ စေ့ရောက်ပြီဖြစ်သော်လည်း ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ရန် ယာဉ်အချို့ကျန်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ်၊ ဧပြီလအား ပညာပေးကာလအဖြစ် သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလကျော်လွန်ပါက လိုအပ်သည့် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများသို့ ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များ အမြန်ဆုံးပြောင်းလဲတပ်ဆင်ကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန


တိုင်းရင်းသားရေးရာ အမှတ်(၁၁)
Ethnics Affairs (မတ်၊ ၂၀၂၃)
ထွက်ပြီ




၂၀၂၃ မတ်လထုတ် တိုင်းရင်းသားရေးရာ အမှတ်စဉ်- ၁၁ တွင်
- ထားဝယ်လူမျိုးနှင့် ထားဝယ်စကား
- ရှေးဟောင်းမြောက်ဦးခေတ် သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ
- မွန်ရိုးရာတေးဂီတ ဆင့်ကဲပြောင်းလဲခဲ့ပုံများ
- ပြည်ထောင်စုထဲက တောင်ရိုး
- ငြိမ်းချမ်းရေးဆေးသာ အစွမ်းထက်ရာ
- ဒီမိုကရေစီနှင့် မျိုးဆက်သစ်လူငယ်များ၏အခန်းကဏ္ဍ
- ရိုးသားယုံလွယ် နိုင်ငံ့အန္တရာယ်

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်
စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
(ဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈



မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၃၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၃ - ၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၃၃၈၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၂၆၈၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၇၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၀၇၀ ကျပ် | ၂၁၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၅၀ ကျပ် | ၂၂၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၁၀ ကျပ် | ၂၁၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၀၀ ကျပ် | ၂၂၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၈၅ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၉ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၄၃၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၅ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၅ . ၉၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၅၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၃၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၁၂ | ၉၆၀၀၀ |
| MTSH | ၃၀၅၀ | ၃၁၀၀ | ၂၈ | ၈၆၇၅၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၅ | ၃၆၅၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၁၄၀ | ၂၁၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀၁ | ၅၀၅၀၀၀ |

ညီညီ - စုစည်းသည်

ယခုတစ်ပတ်မှာတော့ ပရီမီယာလိဂ်ပွဲစဉ် (၂၉) ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အဆင့် (၂) မှ မန်စီးတီးက အသင်းကြီး လီဗာပူးအသင်းနဲ့တွေ့ဆုံနေသလို တန်းဆင်းဇုန်မှ ဝက်စ်ဟမ်းနဲ့ ဆောက်သမ်တန်အသင်းတို့ တွေ့ဆုံနေတဲ့အပြင် ကာရာဘောင်ဖလားဗိုလ်လုပွဲမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ နယူးကာဆယ်နှင့် မန်ယူအသင်းတို့ ထပ်မံတွေ့ဆုံနေပါတယ်။

# မန်ယူကို ကာရာဘောင်ဖလားရှုံးကြွေးပြန်ဆပ်ဖို့ ကြိုးစားလာမယ့် နယူးကာဆယ်အသင်း

| ပရီမီယာလိဂ် ပွဲစဉ် (၂၉) | |
|---|---|
| ၁-၄-၂၀၂၃ | စနေနေ့ |
| မန်စီးတီး – လီဗာပူး | ည ၆း၀၀ |
| ဘုန်းမောက် – ဖူလ်ဟမ် | ည ၈း၃၀ |
| အာဆင်နယ် – လိဒ်စ် | ည ၈း၃၀ |
| ဘရိုက်တန် – ဘရန့်ဖို့ဒ် | ည ၈း၃၀ |
| ပဲလေ့စ် – လက်စတာ | ည ၈း၃၀ |
| နော်တင်ဟမ်– ဝုဖ် | ည ၈း၃၀ |
| ချယ်ဆီး – ဗီလာ | ည ၁၁း၀၀ |
| ၂-၄-၂၀၂၃ | တနင်္ဂနွေနေ့ |
| ဝက်စ်ဟမ်း–ဆောက်သမ်တန် | ည ၇း၃၀ |
| ကာဆယ် – မန်ယူ | ည ၁၀း၀၀ |
| ၃-၄-၂၀၂၃ | တနင်္လာနေ့ |
| အဲဗာတန် – စပါး | နံနက် ၁း၃၀ |

## မန်စီးတီး VS လီဗာပူး

နောက်ဆုံးတွေ့ဆုံမှု မန်စီးတီး ၃–၂ လီဗာပူး

ဒီရာသီမှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ်ရှိနေတဲ့ မန်စီးတီးကို နည်းပြ ကလော့ပ်ရဲ့ လီဗာပူးအသင်း အနိုင်ရဖို့ မလွယ်ဘူး။ ဟာလန်း ခြေစွမ်းပြသမှုကြောင့်လည်း ဒီရာသီမှာ ပုံစံကောင်းပျောက်ဆုံးနေတဲ့ လီဗာပူးအသင်း ခံစစ်အခက်တွေ့နိုင်ပြီး ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

## ဝက်စ်ဟမ်း VS ဆောက်သမ်တန်

နောက်ဆုံးတွေ့ဆုံမှု ဆောက်သမ်တန် ၁–၁ ဝက်စ်ဟမ်း

နှစ်သင်းကြား ရမှတ်ကွာဟမှုတစ်မှတ်သာရှိပြီး နှစ်သင်းစလုံး တန်းဆင်းဇုန်အတွင်း ကျရောက်နေတာကြောင့် ယခုပွဲစဉ်က ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာတယ်။ ဆောက်သမ်တန်ထက် ခြေစွမ်းတည်ငြိမ်မှုရှိတဲ့ ဝက်စ်ဟမ်း အသာရဖွယ်ရှိတယ်။

## ကာဆယ် VS မန်ယူ

နောက်ဆုံးတွေ့ဆုံမှု မန်ယူ ၂–၀ ကာဆယ်

မန်ယူအသင်းက ကာရာဘောင်ဖလားဗိုလ်လုပွဲမှာ နှစ်ဂိုးပြတ် အနိုင်ယူပြီး ဖလားဆွတ်ခူးထားတာကြောင့် ယခုပွဲစဉ်မှာ အဆိုပါ ရှုံးနိမ့်မှုကို ဒီရာသီ ပရီမီယာလိဂ်ခံစစ်အကောင်းဆုံး နယူးကာဆယ်အနေနဲ့ ချေဖျက်သွားနိုင်မလား သို့မဟုတ် အကြွေးထပ်တင်သွားမလား။

## အဲဗာတန် VS စပါး

နောက်ဆုံးတွေ့ဆုံမှု စပါး ၂–၀ အဲဗာတန်

ယခုပွဲစဉ်မတိုင်မီ စပါးအသင်းက နည်းပြကွန်တီနဲ့ နှစ်ဖက်သဘောတူ လမ်းခွဲထားတယ်။ အမှတ်ပေးဇယားရပ်တည်မှုအရ စပါးက အဆင့် (၄) မှာ ဆက်လက်ရပ်တည်နိုင်ဖို့ ရမှတ်လိုအပ်ချက်ရှိနေသလို အဲဗာတန်ကလည်း တန်းဆင်းဇုန်က ရုန်းထွက်ဖို့ရမှတ်လိုအပ်ချက်ရှိနေတယ်။

## နာမည်ကြီး ပဲဂူလာကို အနိုင်ယူပြီး မိုင်ယာမီအိုးပင်းဗိုလ်လုပွဲ ရှိုင်ဘာကီနာ တက်လှမ်း

မိုင်ယာမီအိုးပင်းဆီမီးဖိုင်နယ်မှ နာမည်ကြီး ကာဇက်စတန် တင်းနစ်မယ် ရှိုင်ဘာကီနာနှင့် အမေရိကန်တင်းနစ်မယ် ပဲဂူလာတို့ ပွဲစဉ်တွင် ရှိုင်ဘာကီနာက နှစ်ပွဲပြတ် အနိုင်ရရှိပြီး ၁၃ ပွဲဆက် နိုင်ပွဲရရှိမှုနှင့်အတူ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ ပွဲစဉ်တွင် ရှိုင်ဘာကီနာက ပြိုင်ဘက်ကို ၇–၆ (၇–၃)၊ ၆–၄ ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ မကြာသေးမီက အင်ဒီးယန်းဝဲလ်ဖလား ဆွတ်ခူးရရှိထားသော ရှိုင်ဘာကီနာသည် ကမ္ဘာ့အဆင့် သတ်မှတ်ချက် (၃) အတွင်းရှိ ကစားသမားများနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် ငါးပွဲစလုံးအနိုင်ရရှိထားသည်။

ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန်တက်လှမ်းနိုင်ခဲ့သော ရှိုင်ဘာကီနာသည် ကေဗီတိုဗာနှင့် ခရစ္စတီးတို့ထဲမှ အနိုင်ရရှိမည့်သူနှင့် ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။



■ ရှိုင်ဘာကီနာ

## အီတလီ ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ် ပ-ကျော့ယှဉ်ပြိုင်ကစားမည်

အီတလီ ကိုပါအီတာလီယာဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့တွင် အသင်းကြီး ဂျူဗင်တပ်စ်နှင့် လက်ရှိချန်ပီယံ အင်တာမီလန်၊ ခရီမိုးနိစ်နှင့် ဖီအိုရင်တီးနားအသင်းတို့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

အီတလီကိုပါအီတာလီယာဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ကို နှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပထမအကျော့ကို ဧပြီ ၅ ရက်၊ ၆ ရက်နှင့် ဒုတိယအကျော့ကို ဧပြီ ၂၅ ရက်နှင့် ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ လက်ရှိချန်ပီယံ အင်တာမီလန်အသင်းသည် အဆိုပါ ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အတ္တလန္တာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီး ပြိုင်ဘက် ဂျူဗင်တပ်စ်အသင်းကလည်း လာဇီယိုအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ အီတလီကိုပါအီတာလီယာဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၃ ရက်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

| ကိုပါအီတာလီယာဆီမီးဖိုင်နယ် ပကျော့ | |
|---|---|
| ၅-၄-၂၀၂၃ | နံနက် ၁ နာရီခွဲ |
| ဂျူဗင်တပ်စ် – အင်တာမီလန် | |
| ၆-၄-၂၀၂၃ | နံနက် ၁ နာရီခွဲ |
| ခရီမိုးနိစ် – ဖီအိုရင်တီးနား | |

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ဒက္ကလန် ရိုက်စ် (၂၄နှစ်) သည် နွေရာသီတွင် အာဆင်နယ်၏ ဦးစားပေးခေါ်ယူမည့် ကစားသမားဖြစ်လာသည်။
- ဖရန့်ဖတ်အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား မူအာနီ (၂၄နှစ်) ကို ခေါ်ယူရန် မန်ယူအသင်း စောင့်ကြည့်နေသည်။
- ဘာစီလိုနာအသင်းမှ ဒိန်းမတ် ဗဟိုခံစစ်ကစားသမား ခရစ္စတန်ဆန်ကို နယူးကာဆယ်အသင်း ခေါ်ယူလိုနေသည်။

## ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်း မက်ဗီဒက်ဗ် မိုင်ယာမီအိုးပင်း ဆီမီးဖိုင်နယ် တက်လှမ်း

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်း မက်ဗီဒက်ဗ်သည် မိုင်ယာမီအိုးပင်းကွာတားဖိုင်နယ်တွင် အမေရိကန်တင်းနစ်ကစားသမား အူဘန့်စ်ကို ၆–၃၊ ၇–၅ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

မက်ဗီဒက်ဗ်သည် အဆိုပါ ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ရုရှားနိုင်ငံသားကာရင် ခါချနော့ဗ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ခါချနော့ဗ်သည် ကွာတားဖိုင်နယ်တွင် အာဂျင်တီးနားနိုင်ငံသား စီရွန်ဒိုလိုကို ၆–၃၊ ၆–၂ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသူ ဖြစ်သည်။ အခြားသော ဆီမီးဖိုင်နယ်တွင် အယ်ကာရက်ဇ်နှင့် စင်နာတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

## ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မည့် နော်တင်ဟမ်တိုက်စစ်ကစားသမား ခရစ္စဝုဒ်

ပရီမီယာလိဂ်ကလပ် နော်တင်ဟမ်ဖောရက်စ်အသင်းမှ တိုက်စစ်ကစားသမား ခရစ္စ ဝုဒ်သည် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မည် ဖြစ်ကြောင်း သိရသည်။



ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားဖြင့် ပြောင်းရွှေ့လာသော နယူးဇီလန် တိုက်စစ်ကစားသမားသည် မတ် ၁၁ ရက်တွင် ဒဏ်ရာရရှိခဲ့ပြီး နိုင်ငံတကာပွဲစဉ်များအတွက် နယူးဇီလန်အသင်း၏ ကစားသမားစာရင်း၌ ရွေးချယ်ခံခဲ့ရသော်လည်း ပွဲကစားခဲ့ရခြင်း မရှိပေ။ တိုက်စစ်ကစားသမား ဝုဒ်သည် ဇန်နဝါရီလတွင် နယူးကာဆယ်အသင်းမှ နော်တင်ဟမ်သို့ ပြောင်းရွှေ့လာပြီးနောက် အသင်းအတွက် ခုနစ်ပွဲကစားပြီး တစ်ဂိုးသွင်းယူပေးထားနိုင်သည်။

နော်တင်ဟမ်အသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယား၌ ၂၇ ပွဲကစားပြီး ရမှတ် ၂၆ မှတ်ဖြင့် အဆင့် (၁၆) တွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ ဖေဖော်ဝါရီ ၅ ရက်နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးထားသော နော်တင်ဟမ်အသင်းသည် ဧပြီ ၁ ရက်တွင် အဆင့် (၁၃) မှ ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

## စပိန် ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

နာမည်ကြီး ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည့်ပွဲစဉ် အပါအဝင် စပိန် ကိုပါဒယ်ရေး ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယ အကျော့ ပွဲစဉ်များကို ဧပြီ ၅ ရက်၊ ၆ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ ဖလားပြိုင်ပွဲ ပထမအကျော့တွင် အိုဆာဆူနာအသင်းက အိမ်ကွင်းတွင် အက်ဇယ်ဇော်လီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ဘီလ်ဘာအိုကို အနိုင်ရရှိထားသည်။ ထိုနည်းတူ အခြားသောပွဲစဉ်မှ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်တွင် ဘာစီလိုနာအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

ထို့ကြောင့် ပထမအကျော့တွင် အသာရယူထားနိုင်သည့် အသင်းများအနေဖြင့် ယခုဒုတိယအကျော့တွင် ပြိုင်ဘက်ကို ဆက်လက်အသာရယူကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန်တက်လှမ်းသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

စပိန်ကိုပါဒယ်ရေးဖလား၏ လက်ရှိချန်ပီယံမှာ ရီးရဲဘက်တစ်အသင်းဖြစ်ပြီး ဗလင်စီယာအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူကာ ဖလားဆွတ်ခူးထားသည်။

| စပိန်ကိုပါဒယ်ရေးဆီမီးဖိုင်နယ် ဒုကျော့ | |
|---|---|
| ၅-၄-၂၀၂၃ | နံနက် ၁ နာရီခွဲ |
| ဘီလ်ဘာအို – အိုဆာဆူနာ | |
| ပ-ကျော့တွင် အိုဆာဆူနာက တစ်ဂိုး–ဂိုးမရှိ အနိုင်ရထား | |
| ၆-၄-၂၀၂၃ | နံနက် ၁ နာရီခွဲ |
| ဘာစီလိုနာ – ရီးရဲမက်ဒရစ် | |
| ပ-ကျော့တွင် ဘာစီလိုနာက တစ်ဂိုး–ဂိုးမရှိ အနိုင်ရထား | |

■ မိုးဇက် – စုစည်းသည်

## အမည်ပြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ ဟိုရင်ကျေးရွာနေ ဦးထိန်လင်း ၉/ဝတန(နိုင်)၁၁၂၁၂၂၏သားဖြစ်သူ မောင်ထက်အာကာလင်းအား မောင်နေသူရထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်နေသူရထွန်း**

## တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ကုလားမျောအုပ်စု၊ ကုလားမျောကျေးရွာနေ မနှင်းထက်ထက်မွန်၏ ဖခင် ၉/ရမသ(နိုင်) ဝ၈၅၆ဝ၆ ကိုင်ဆောင်သူ ဦးမောင်ငွေခိုင်(ခ)ဦးငွေခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်မြို့၊ ဗျောတော၀ အုပ်စု၊ ညောင်ရမ်းတောင်ရပ်၊ အောင်သီရိလမ်းနေ ဦးမောင်မောင်ငွေးနှင့် ဦးမောင်ငွေး ၆/ထဝန(နိုင်) ဝ၆၃၄၂၃တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ GCEC ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ပထမတန်းမှ မလီလီဆန်း (ကဝ-ဝ၉၄၅)၏ ဖခင်အမည်မှန်မှာ ဦးမတ်(စ်)ဗန်ဘွဲ့လျံ ၅/ကလထ(နိုင်) ၂ဝ၉၆၄၈ ဖြစ်ပါကြောင်း။

**ဦးမတ်(စ်)ဗန်ဘွဲ့လျံ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2N/9903, Toyota Crown GS171, S/L (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁ဝ/မဒန(နိုင်)၁ဝ၇၉၈၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/3648,Toyota Corolla AXIO ZRE 142, Saloon ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးချစ်လှိုင် ၁၂/တတန(နိုင်)၁၆၄၂၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃ဝအတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဉ္ဇူ (၃၉)လမ်း၊ အမှတ် (ဂျေ-၃၇)၊ အမည်တွင်သည့် စလစ်မြေအမျိုးအစား ပေ (၄ဝx၆ဝ)ရှိသည့်အနက်မှ ခေါင်းရင်းခြမ်းပေ (၂ဝx၆ဝ)ရှိ ခြံမြေနှင့် အကျိုးခံစားခွင့်အရပ် ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးစိုးသက်နောင် ၁၄/ဖပန(နိုင်)၁၆ဝ၉၉၇ထံမှ ကျွန်ုပ်မိတ်ဆွေ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဝေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅ဝ၈၃၁/၁၆-၃-၂ဝ၁၉)**
**အမှတ် (I-37)၊ တော်ဝင် (၁၂)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-ဝ၉-၇၉၉၄၂၂၈၆၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/4927, Honda Fit 6, Hatch Back(4x2)R ယာဉ်လက်ဝယ်ရှိသူဦးကျော်နိုင်ဝင်း ၁၄/ဟသတ(နိုင်)၂၇၈ဝ၂၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/82924, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ Sein Sabae Phyu Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃ဝအတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂ဝ၂၃-၂ဝ၂၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်ကုမ္ပဏီများအား ဖိတ်ခေါ် အပ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | **တင်ဒါလျှောက်လွှာ စတင် ရောင်းချမည့်ရက်** | - | ၁-၄-၂ဝ၂၃ရက်၊(စနေနေ့) (ရုံးချိန်အတွင်း) |
| (၂) | **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** | - | ၁၉-၄-၂ဝ၂၃ရက်၊ (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း) |
| (၃) | **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၂ဝ-၄-၂ဝ၂၃ရက်၊ ညနေ ၄ နာရီအထိ |
| (၄) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး |

၂။ အသေးစိတ် သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့၊ ဖုန်း-ဝ၇၁-၂ဝ၂၆၅၂ဝ၊ ၂ဝ၂၆၁၉၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ လှိုင်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၈၄၇/ဃ/၂/ဆီးယင်း)၊ ဦးပိုင်အမှတ်(၅၅x၇၅)၊ ဧရိယာ ဝဒသမ၄၄ဝ ဧကရှိ ဝင်းမြေအား ဦးငူလ်ဒိုတွောင် ၄/တတန(နိုင်)ဝဝဝ၈၁၅ သည် ၎င်းအမည်ပေါက် မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁ဝ)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်း မူရင်းများဖြင့် ကန့်ကွက်လျှောက်ထားနိုင်ပါသည်။

**ဦးငူလ်ဒိုတွောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၉၂၁၆/၂ဝ၁၃**
**အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့**
**ဖုန်း-ဝ၉-၄၇ဝ၇၂၂၁၁၊ဝ၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၃/အောင်မင်္ဂလာ)၊ ဦးပိုင်အမှတ် (၆၆/က၊ ၆၆/ခ)၊ ဧရိယာ ဝ.၁၄၇ဧကရှိ ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) ကလေးဝ ဘဏ်ခွဲ ပိုင်ဆိုင်သော မြေကွက်အား ၎င်းအမည်ပေါက် စက်မှုစီးပွားမြေငှားဂရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မန်နေဂျာ**
**ကမ္ဘာ့ရတနာဘဏ်၊ ကလေးဝဘဏ်ခွဲ**
**ကလေးဝမြို့**
**ဖုန်း-ဝ၉-၆၉၆၁၅၉၉၆၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-6F(ကြို့ကုန်း)၊ မြေကွက်အမှတ်-၁ဝ-က/ ၁၁-ခ/၁၂-ခ၊ ကျမ်းစာသင်ကျောင်းလမ်း၊ (အလျား ၂၇ပေxအနံပေ ၅ဝ)ရှိ Level-2၊ First Floor Room-B (ညာဘက်ခြမ်း)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၈-၆-၂ဝ၁၈ ရက်စွဲပါ ကွန်ဒိုတိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်သဘောတူကတိစာချုပ်အရ မြေရှင်ထံမှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆို ပြုသူများဖြစ်သော ဒေါက်တာ ဒေါ်လှတင်ဦး ၁၂/သဃက(နိုင်)၁၅၉ဝ၅၈နှင့် ဒေါ်သိင်္ဂီကျော်ဝင်း ၁၂/သဃက(နိုင်)ဝ၃၂၁၇၂ထံ မှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမီမီခိုင် (LL.B)** |
| **(စဉ်-၅၃၃၆၉)** | **(စဉ်-၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း) ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-ဝ၉-၄၅၅၆၇၇၆၁၅**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂ဝ)
### မကွေးခရိုင်တရားရုံးတော်၌
### ၂ဝ၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၁ဝ

| | | |
|---|---|---|
| ဒေါ်ခင်လေးဆွေ | နှင့် | ၁။ ကမ္ဘာ့ရတနာဘဏ်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးမင်းစောသာ-ငြိမ်း) |
| | | ၂။ ဦးစံလင်း ၃။ ဒေါ်ဇင်မာဦး |
| **တရားလို** | | **တရားပြိုင်များ** |

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မကွေးမြို့၊ ရန်အောင်ရပ်၊ ၁၃လမ်း၊ အမှတ် ၂၆၇၊ သီးနှံမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းနေ(၂)တရားပြိုင် ဦးစံလင်း(ဘ)ဦးအောင်ငြိမ်း၊(၃)တရားပြိုင် ဒေါ်ဇင်မာဦး(ဘ)ဦးအေးလွင် (အတူနေ မိသားစု)(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဒီကရီအကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြော်ငြာပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂ဝ၂၃ ခုနှစ် ဧပြီ ၂၁ရက် (၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၃ရက်)မွန်းမတည့်မီ ၁ဝနာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂ဝ၂၃ ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းဝင့်ဝင့်ဖြူ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မကွေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့် လမ်းမတော် လမ်းထောင့်ရှိ ညောင်ပင်လေးဈေးပလာဇာ၊ အဆောင် (A)၊ အခန်းအမှတ်-၄ဝ၂၊ အကျယ်အဝန်း (၄၃ပေx၄၃ပေ)ရှိ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးခင်မောင်ဝင်း (၉/ခအဇ(နိုင်)ဝဝဝ၈ဝ၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမီမီခိုင် (LL.B)** |
| **(စဉ်-၅၃၃၆၉)** | **(စဉ်-၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း) ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-ဝ၉-၄၅ဝဝ၂၈ဝ၀၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ကတက်ပင်ကျေးရွာ၊ အခြေခံပညာ မူလတန်းကျောင်း၊ Grade-4 မှ မဇွန်လဲ့မေ ၏ဖခင် ဦးကျော်မျိုးထိုက်နှင့် ဦးကျော်မင်းထွန်း ၈/သရန(နိုင်)ဝ၉၂၂၄၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ လက်ပန်ငူကျေးရွာနေ မောင်စိုးမိုးအောင် ၈/ဆပဝ(နိုင်) ဝ၈၇၅၇၆၏ဖခင် ဦးအေးဆွေ(ခ) ဦးဆွေ ၈/ဆပဝ(နိုင်)ဝ၁၂၇ဝ၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ ခါးတောက်ရင်းအုပ်စု၊ ကံရိုးကျေးရွာမှ မနုနုခိုင်၊ မစန္ဒာလှိုင်၊ မနှင်းရတနာလှိုင်တို့၏ ဖခင် ဦးဘိုနီ နှင့် ဦးညွန့်ရှိန် ၅/ကဘလ(နိုင်)ဝ၅၈၈၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မမွန်မွန်ခင် ၅/ကနန(နိုင်)၁၃၂၁၄ဝ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-ဝ၉-၄၂၄၃၆၉၃၉၄**

## ပျောက်ဆုံးကြောင်း

ကျွန်မ မမြတ်သီရိခိုင် ၅/ယမပ(နိုင်)၁၄၇၄၅၇၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-ဝ၉-၉၅၄၃၃၃၂ဝဝ**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ I၊ မြေကွက်အမှတ်-၂၁၊ ဧရိယာ-ဝ.ဝ၅၇ဧကရှိ နှစ်(၆ဝ)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု (၁)လမ်း၊ အမှတ်-၂၁ ဟုခေါ်တွင်သည့် ရေ၊ မီးအစုံနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်မျိုးနိုင် (၉/မကန(နိုင်)ဝဝ၈၆ဝ၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**သင်းကြူစိုး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)**
**ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ဝ၁-၈၃၇၈၇၉၉၊ ဝ၉-၅ဝ-၁၆၃၅၂၊ ဝ၉-၇၉၇၉ဝ၅၉၅၉။**

## ကန့်ကွက်နိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်-၁၂ ( ပြည်တော်သာမြောက်)၊ ဦးပိုင်အမှတ်-၆၅ ၊ ဧရိယာ (ဝ. ၈၉)ဧက အကျယ်အဝန်းရှိ မြေငှားဂရန်မြေကွက် နှင့်မြေပေါ်၌ ဆောက်လုပ်ထားသောအဆောက်အအုံများ အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်တကွ အဆိုပါမြေကွက်နှင့်တဆက်တစပ်တည်းတည်ရှိသော ဦးပိုင်အမှတ်-၃၂/၁၊ ဧရိယာ (ဝ. ၁၆) ဧက နှင့် ဦးပိုင်အမှတ်-၅၊ ဧရိယာ-(ဝ. ၃၅)ဧကရှိ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်မြေစာရင်းပုံစံ(၇)ရရှိထားသော လယ်မြေကွက် (၂) ကွက်နှင့် အဆိုပါလယ်မြေ (၂) ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးတိုးတိုး (၁၂/အစန (နိုင်) ၁၆၈၈၆၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်များအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**သင်းကြူစိုး LL.B,LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)**
**ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-ဝ၁-၈၃၇၈၇၉၉၊ ဝ၉-၅ဝ-၁၆၃၅၂၊ ဝ၉-၇၉၇၉ဝ၅၉၅၉။**

## အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၇)ဟုခေါ်တွင်သည့်(အမျိုးအစား) မြေပိုင်မြေ၊ ယင်းမြေပေါ်ရှိ အဆောက်အအုံပိုင်ရှင်(အင်းစိန်မြို့နယ် သမဝါယမအသင်းစုလီမိတက်)မှ ကန်ထရိုက်တာ ဦးကျော်မြင့် ခံစားပိုင်ခွင့်ရှိသော အဆောက်အအုံ၏ ခြေရင်းဘက်အခြမ်း၊ ပထမထပ်(ထောင့်ခန်း)နှင့် ဒုတိယထပ် (ဘယ်ဘက်ခန်း) နေထိုင်သူများအပါအဝင် ပြည်သူအပေါင်းသိစေရန် ကြေညာချက်

(၁) အထက်ဖော်ပြပါ မြေပေါ်ရှိ အဆောက်အအုံပိုင်ရှင်မှာ မြေရှင်(အင်းစိန်မြို့နယ် သမဝါယမအသင်းလီမိတက်) ဖြစ်ပါသည်။

(၂) အဆောက်အအုံပိုင်ရှင်၏ တရားဝင်စာဖြင့် အတိအလင်းခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ တစ်နည်းနည်းဖြင့် နစ်နာဆုံးရှုံးမှုများ ဆောင်ရွက်ခြင်း မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဦးခင်ဇော်** | **ဦးခွန်ကျော်မြင့်လှိုင်** | **ဦးကျော်ခိုင်စိုး** | **ဒေါ်အိအိဖြူ** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၆၆၃၅)** | **(စဉ်-၄၉၅၃၃)** | **(စဉ်-၅၁၁၅၇)** | **(စဉ်-၁၅၄၈ဝ)** |
| **B.Sc,PGDL,HGP,WIPO(Switzerland)** | **B.Sc,PGDL,DBL.DIL, WIPO(Switzerland)** | **LL.M,PGDL** | **LL.B,DLP, WIPO(Switzerland)** |

**Hlaing International Law Frim**
**အမှတ် ၅၅၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-ဝ၉-၄၂၆၁၇၁၉၁၄၊ ဝ၉-၇၈၇၁၉၂၂၃၁**

## ၂၀၂၀ ပြည့်နှစ်၊ Insolvency Law အရ
## WWW TRADING AND SOURCING COMPANY LIMITED
## (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## (Insolvency Law 147, 152, 201 နှင့် Insolvency Rules 9 နှင့် 15(b), 87 အရ)

၂၀၂၃ ခုနှစ်၊ မတ် ၃၁ရက်နေ့ ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှယ်ယာရှင်၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အထွေထွေ အစည်းအဝေးတွင် ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊ ဦးဝင်းငွေးညွန့် (လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်အမှတ် (စဉ်-၀၀၀၂၆)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်တို့ကို ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။

WWW TRADING AND SOURCING CO.,LTD.၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးဝင်းငွေးညွန့်ထံသို့ ၃၀-၄-၂၀၂၃ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသော ကြွေးမြီများအား သတ်မှတ်ပုံစံဖြင့် ခိုင်လုံသော သက်သေခံအထောက်အထားများနှင့်အတူ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်ပါရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်းကိုလည်း အသိပေးအပ်ပါသည်။

**ဦးဝင်းငွေးညွန့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**အမှတ် (၅/ခ)၊ နှင်းဆီကွန်ဒို၊**
**ဗိုလ်တထောင်ဘုရားလမ်း၊**
**(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၂၃၀၈၀၊ ၀၉-၇၆၅၁၂၃၀၈၀**

**ဦးစောအိုကေ**
**အစုရှယ်ယာရှင်/ဒါရိုက်တာ**
**WWW TRADING AND SOURCING CO.,LTD.**

## ၂၀၂၀ ပြည့်နှစ် Insolvency Law အရ
## BGG COMPANY LIMITED
## (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## (Insolvency Law 147, 152, 201 နှင့် Insolvency Rules 9 နှင့် 15(b), 87 အရ)

၂၀၂၃ ခုနှစ် မတ် ၃၁ရက်နေ့ ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှယ်ယာရှင်၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရန်၊ ဒေါ်ခင်သန်းဦး (လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်အမှတ် (စဉ်-၀၀၀၂၅) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး ဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက် နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်တို့ကို ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။

BGG Company Limited ၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိဖြစ်သော ဒေါ်ခင်သန်းဦးထံသို့ ၃၀-၄-၂၀၂၃ ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသော ကြွေးမြီများအား သတ်မှတ်ပုံစံဖြင့် ခိုင်လုံသော သက်သေခံအထောက်အထားများနှင့်အတူ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်ပါရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်းကိုလည်း အသိပေး အပ်ပါသည်။

**ဒေါ်ခင်သန်းဦး**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**အမှတ် (၅/ခ)၊ နှင်းဆီကွန်ဒို၊**
**ဗိုလ်တထောင်ဘုရားလမ်း၊**
**(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀၅၀၇၁၀၁**

**ဒေါ်ခင်စန်းမြင့်**
**မန်နေဂျင်းဒါရိုက်တာ**
**BGG Company Limited**

## ၂၀၂၀ ပြည့်နှစ်၊ Insolvency Law အရ
